DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၂၁)

# သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**
**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

# သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက်၊ ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈-ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတကသုဘောစာရုံ ကျောင်းတိုက်ကြီး တည်ထောင်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် နှစ်ပတ်လည် အခါသမယဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် ဟောကြားတော်မူအပ်သော " သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ် " တရားဒေသနာတော်။

"သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်" သဒ္ဓမ္မပတိရူပကဆိုတာ တရားအတုအယောင်၊ ထိုတရား

အတုအယောင်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရား ဟော ကြားတဲ့သုတ္တန်တစ်ခုပဲ။ သံယုတ္တနိကာယ် ကဿပ သံယုတ်မှာ သဒ္ဓမ္မပတိရူပကသုတ် ပါတယ်၊ သဒ္ဓမ္မဆိုတာ သူတော်ကောင်းတရား၊ ပတိရူပကဆိုတာ အတုအယောင်၊ လောကမှာ အတုအယောင်ဆိုတာ တွေဟာ အစစ်နဲ့ ဆင်ဆင်တူတဲ့အရာတွေသာ ဖြစ် တယ်၊ ရွှေနဲ့တူတဲ့အရာကို ရွှေတု၊ စိန်နဲ့တူတဲ့အရာကို စိန်တု, ပတ္တမြားနဲ့တူတဲ့ အရာကို ပတ္တမြားအတု။ သို့သော် တန်ဖိုးချင်းကျတော့ အလွန်ကွာခြားတယ်။

ဒီအတုတွေဆိုတာ လောကမှာ ရှိစမြဲပဲ၊ ကုန် ပစ္စည်းတွေ ထုတ်လုပ်တဲ့အခါ မှာလည်းပဲ ပစ္စည်းအတု ဆိုတာ ရှိတယ်၊ အစစ်နဲ့တူအောင် လုပ်ထားတဲ့အတု တွေကို မှားမှားယွင်းယွင်း အသုံးပြုမိတဲ့ ပုဂ္ဂိုလ်တွေဟာ

ကောင်းကျိုးချမ်းသာမရဘဲ ဖြစ်တတ်တယ်၊ တချို့အတုက မိမိမှာ ကောင်းကျိုးချမ်းသာ မရရုံသာဖြစ်ပြီး လူကိုတော့ ဒုက္ခမပေးဘူး။ ငွေကြေးဓနဆုံးရှုံးရုံမျှသာ ဖြစ်စေပြီး ဒုက္ခမပေးတဲ့အတု တွေ ရှိတယ်။

တချို့အတုကျတော့ ဥပမာမယ် ဆေးဝါးအတုတို့ ဘာတို့ကျတော့ သောက်သုံးတဲ့ ပုဂ္ဂိုလ်ဟာ အဆိပ်အတောက်ဖြစ်ပြီး အသက်အန္တရာယ်တောင် ဖြစ်နိုင်တယ် ပေါ့၊ ဒါကြောင့်မို့ လောကမှာ အစစ်ကို ဆင်တူယိုးမှား ပြုလုပ်ထားတဲ့အတုတွေ ရောင်းဝယ်နေတဲ့အရာတွေ လူတွေစားသုံးနေကြတဲ့ အစားအစာတွေ အားလုံးဟာ အတုနဲ့ မကင်းနိုင်ဘူး၊ ဝတ်ဆင်ကြတဲ့အဝတ်တွေလည်း အတုနဲ့ မကင်းနိုင်ဘူး၊ လူတွေတန်ဖိုးထားပြီး နေ့စဉ်နဲ့ ရှာကြံနေကြတဲ့ငွေကြေးဓနတွေလည်း အတုနဲ့ မကင်း

နိုင်ဘူး၊ အတုတစ်ခုခု မိမိလက်ထဲရောက်ပြီဆိုရင် အနည်းနဲ့အများတော့ လူတွေမှာ ဒုက္ခရောက်ကြရတာပဲ၊ နစ်နာကြတယ်၊ ဆုံးရှုံးကြတယ်ပေါ့၊ ဆေးဝါးအတုတို့လို အန္တရာယ်ပြုနိုင်တဲ့အရာတွေ အသုံးပြုမိပြီဆိုရင် ပိုပြီး ဒုက္ခရောက်ကြတယ်၊ ဒါ လောကဘက်မှာ သိနိုင်မြင်နိုင်တဲ့အတုတွေ။ တစ်ဘဝမှာ ဒုက္ခပေးနိုင်တဲ့ အတုတွေပဲ။

သဒ္ဓမ္မပတိရူပက သူတော်ကောင်းတရားအတုဆိုတာကျတော့ ဒီဘဝမှာတင် ဒုက္ခပေးမှာ မဟုတ်ဘူး, ဘဝအဆက်ဆက်ကို ဒုက္ခပေးသွားနိုင်တယ်၊ အတုကို အစစ်ထင်ပြီး လိုက်နာကျင့်သုံးမယ်ဆိုရင် အင်မတန်မှ အန္တရာယ်များတယ်ပေါ့။ တချို့ကျတော့ အတုဟာ ကောင်းကျိုးချမ်းသာ မဖြစ်ထွန်းရုံသာဖြစ်ပြီး "ပိုသာကုန်

မောင်ပုံစောင်းမတတ်” ဆိုတာလို အချိန်တွေ ကုန်ဆုံးပြီး ကောင်းကျိုးချမ်းသာ မရနိုင်ရုံမျှသာ ဖြစ်တယ်။ တချို့အတုကျတော့ အလိုက်မှားလို့ မိုက်မဲတဲ့ဘဝ ရောက်ပြီး ဒုက္ခအကြီးအကျယ်ရောက်သွား စေနိုင်တယ်၊ ဒါကြောင့်မို့ တရားဓမ္မနဲ့ပတ်သက်ပြီး အတုဆိုတာကို သတိထားကြဖို့ ပေါ့နော်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဒီ သုတ္တန်ကို ဘယ်သူ့ကို ဟောခဲ့တာတုန်းဆိုရင် ရှင်မဟာ ကဿပ မထေရ်ကြီးကို ဟောခဲ့တာ၊ ရှင်မဟာကဿပ လူ့ဘဝတုန်းကတော့ သူ့နာမည် ပိပ္ပလိလို့ ခေါ်တယ်၊ ကဿပဆိုတာ သူတို့ရဲ့ မျိုးရိုးနာမည်ပေါ့၊ သာသနာ တော်မှာ မဟာကဿပ ဆိုတဲ့နာမည်နဲ့ ထင်ရှားခဲ့တယ်။

လူ့ဘဝတုန်းက အလွန့်အလွန်ချမ်းသာ

ကြွယ်ဝလှတဲ့သူဌေးကြီးပဲ၊ သူတို့ဇနီး မောင်နှံ နှစ်ယောက်ဟာ အင်မတန်မှ သန့်သန့်ရှင်းရှင်း မောင်လိုနှမလို နေကြတယ်။ သံဝေဂတွေဖြစ်ပြီး သာသနာဘောင်ဝင်လာကြတာ၊ မြတ်စွာဘုရားကို သိတာမဟုတ်ဘူး၊ သို့သော် လောကမှာ အမှန်တရားကို သိတတ်တဲ့ဘုရားဆိုတာကို ဦးတည်ပြီးတော့ ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို ဇနီးမောင်နှံနှစ်ယောက် ဝတ်ဆင်ပြီး မြတ်စွာဘုရားရှိရာကို မှန်းဆပြီး ထွက်လာခဲ့ကြတယ်။

အဲဒီလို ထွက်လာတဲ့အခါမှာ မြတ်စွာဘုရားကိုယ်တိုင်က ရှင်မဟာကဿပ လာတဲ့လမ်းမှာ သူ့ကို စောင့်ကြိုတယ်။ မြတ်စွာဘုရားနဲ့တွေ့ရော သူ့ကိုယ်သူ ဆုံးဖြတ်ချက် တစ်ခါတည်းချတယ်၊ "ဆရာတင်ရမယ်ဆိုလို့ရှိရင် မြတ်စွာဘုရားကိုပဲ ဆရာတင်ပါ့မယ်"လို့

ချက်ချင်းဆုံးဖြတ်ချက်ချပြီး တပည့်သာဝကအဖြစ် ခံယူလိုက်တယ်၊ သင်္ကန်းဝတ်ပြီး ရှစ်ရက်မြောက်နေ့မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ တရားထူးတရား မြတ်ရပြီး ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။

မြတ်စွာဘုရားဆီ လာရောက်တဲ့အချိန်မှာ သူဝတ်လာတဲ့အပေါ်ရုံ ၂-ထပ် သင်္ကန်းကြီးက အလွန်ကောင်းတဲ့အစနဲ့ ချုပ်ထားတာ၊ အဲဒီအချိန်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် အသုံးပြုနေတဲ့ ၂-ထပ် သင်္ကန်းက ကာဠိ ဆိုတဲ့ သူများအိမ်မှာအလုပ်လုပ်ရတဲ့ အမျိုးသမီးကြီးတစ်ယောက် ကွယ်လွန်အနိစ္စ ရောက်သွားလို့ အဲဒီ အမျိုးသမီးကြီးကို ရစ်ပတ်ပြီးပစ်ထားတဲ့ ပိုက်ဆံလျှော်အဝတ်၊ ဘုရားကိုယ်တိုင် ရုပ်အလောင်းကနေ ခွာယူဖွတ်လျှော်ပြီး ကိုယ်တိုင်ဝတ်ဆင်ခဲ့တာ၊

အဲဒီလို ကိုယ်တိုင်ဝတ်ဆင်ထားတဲ့ ပံသကူသင်္ကန်းကြီးကို အဲဒီနေ့မှာ ရှင်မဟာကဿပယူလာတဲ့ ၂-ထပ် သင်္ကန်းကြီးနဲ့လဲပြီး ဝတ်ရုံခဲ့တယ်၊ မြတ်စွာဘုရားက ကိုယ်တိုင် အသုံးပြုခဲ့တဲ့ ၂-ထပ် သင်္ကန်းကြီးကို ရှင်မဟာကဿပကို ပေးလိုက်တယ်၊ ရှင်မဟာကဿပယူလာတဲ့ ၂-ထပ်သင်္ကန်းအသစ်ကို မြတ်စွာဘုရားက ယူတယ်၊ အဲဒီလို သင်္ကန်းချင်း လဲလှယ်ဝတ်လိုက်တာ တာဝန်တစ်ခုပေး လိုက်တဲ့ သဘောပဲ။

အဲဒီအချက်ကို အလေးအနက်ထားပြီး ရှင်မဟာကဿပဟာ တစ်သက်လုံး ပံသကူသင်္ကန်းပဲ ဝတ်ရုံတယ်၊ အသက် ၁၂၀-ထိအောင် ပံသကူသင်္ကန်းပဲ ဝတ်တယ်၊ အင်မတန်ချမ်းသာတဲ့ သူဌေးကြီးက အဝတ်နဲ့ပတ်သက် ပြီး ငြီးငွေ့ခြင်းမရှိဘဲ အသုံးပြုခဲ့တယ်။

သူ့သက်န်းကြီးဟာ ပံသကူသက်န်းဆိုတော့ နဂိုတည်းက အကောင်းမဟုတ်ဘူး၊ ရိတ်ခဲနေရာကိုဖာလိုက်၊ ထပ်ချုပ်လိုက်နဲ့ ပံသကူသက်န်းကြီးက တဖြည်းဖြည်း အဖာတွေ များလာတယ်။ အဲဒီအခါကျတော့ တစ်ထပ်ပြီး တစ်ထပ်, တစ်ထပ်ပြီးတစ်ထပ် ဖာလိုက်ချုပ်လိုက်တာ ပံ့သကူသက်န်းကြီးက အလေးကြီးဖြစ်လာတယ်၊ အဲဒီလို လေးလံတဲ့ပံသကူသက်န်းကြီးကို ဝတ်ရုံပြီး တောရကျောင်းမှာ တစ်သက်လုံးနေ, တစ်သက်လုံး ဆွမ်းခံစား၊ အကျင့်အားဖြင့် တကယ့်ကို ထူးခြားတဲ့ အရှင်မြတ်ကြီးပေ့ါ၊ သူဌေးကြီးဘဝက သက်န်းဝတ်လာပြီး ရှုတင်တွေကျင့်တယ်ဆိုတာဟာ အလွန်ခဲယဉ်းတာပဲ၊ ချို့ချို့ငဲ့ငဲ့ အမြဲတမ်း ဆွမ်းခံစားတယ်, အမြဲတမ်း ပံသကူသက်န်းကြီးဝတ်ရုံတယ်, တောရကျောင်းမှာသာ

နေတယ်, သစ်ပင်အောက်မှာသာ နေတယ်, မအိပ်ဘဲ နေတယ်။ ဓုတင် ၁၃-မျိုးလုံးကို အခါအားလျော်စွာ ရှင်မဟာကဿပမထေရ်မြတ်ဟာ ကျင့်သုံးခဲ့တာ၊ ဒါကြောင့်မို့ သာသနာမှာ 'နေအသွင် လအလား' ထင်ရှားတဲ့ မထေရ်မြတ်ကြီးတစ်ပါးပဲ။

ဗုဒ္ဓမြတ်စွာသာသနာတော်မှာ တတိယသာဝက လို့ ထင်ရှားခဲ့တယ်ပေါ့။ ရှင်သာရိပုတ္တရာ ရှင်မဟာ မောဂ္ဂလာန် တို့ပြီးလို့ရှိရင် တတိယမြောက် မဟာသာဝ ကအဖြစ် ထင်ရှားခဲ့တယ်၊ ရှင်ကောဏ္ဍညတို့က စောစောပရိနိဗ္ဗာန်စံသွားပုံရတယ်၊ နောက်ပိုင်း ဘုရားပရိနိဗ္ဗာန်စံသွားတဲ့အခါ ပထမသင်္ဂါယနာတင်ဖို့ လှုံ့ဆော်စည်းရုံးပြီး ခေါင်းဆောင်ခဲ့တာလည်း ဒီရှင်မဟာ ကဿပ မထေရ်မြတ်ကြီးပဲ၊ အလွန်ကျေးဇူးတင်စရာ ကောင်းတယ်။

ဒီကနေ့ခေတ် သင်ယူမှတ်သားနေကြရတဲ့ စာပေကျမ်းဂန်တွေဟာ ရှင်မဟာကဿပ ဦးဆောင် လှုံ့ဆော်စည်းရုံးပြီး စုဆောင်းခဲ့တာ ဖြစ်တယ်။ မြတ်စွာဘုရားဟောတဲ့ တရားတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ မြတ်စွာဘုရားတရားတော်တွေကို လေ့လာခွင့်၊ နာယူခွင့် ရကြတယ်၊ အင်မတန်မှကျေးဇူးကြီးတဲ့ အရှင်မြတ်ကြီးတစ်ပါးလို့ ဒီလိုပြောရမှာပေါ့။

ဒီတော့ တစ်နေ့မှာ အဲဒီရှင်မဟာကဿပ မထေရ်မြတ်က မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးခွန်းတစ်ခု မေးလျှောက်တယ်၊ သူမေးတဲ့မေးခွန်းက ခေတ်အခြေ အနေကိုလေ့လာသုံးသပ်တဲ့ မေးခွန်းပဲ။ သူက တောရကျောင်းမှာ သီတင်းသုံးတဲ့ တောရ

ဘုန်းကြီး ဖြစ်ပေမယ့်လို့ သာသနာရဲ့အခြေအနေကို အမြဲတမ်း အကဲခတ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။

မြတ်စွာဘုရားက နှစ်ပေါင်း ၄၅-နှစ်သာသနာ ပြုခဲ့တာဆိုတော့ ဝါ၂၀-ကို ရှေ့ပိုင်းခေတ်လို့ သုံးလေ့ ရှိကြတယ်၊ နောက်ပိုင်း ၂၅-နှစ်ကို နောက်ပိုင်းခေတ်လို့ သုံးကြတယ်၊ ၄၅-ဝါ ကို အနှစ် ၂၀-စီ ပိုင်းလိုက်တယ် ဆိုပါစို့ နောက်ပိုင်းကို ၂၅-နှစ်လို့ သတ်မှတ်ပြီး ရှေ့ပိုင်းကို အနှစ်-၂၀။

သူမေးတဲ့မေးခွန်းက "အရှင်ဘုရား"တဲ့၊ ဒါ သူ့သာသနာဘောင်ဝင်စကို ရည်ညွှန်းပြီးတော့ ပြောတာပေါ့။ "ရှေ့ပိုင်းခေတ်မှာ"တဲ့၊ "ဘုရားပွင့်ပြီးတဲ့ နောက်အနှစ်၂၀-ကာလအတွင်းမှာဆိုရင် ဘုရား ပညတ်တဲ့ သိက္ခာပုဒ်က အလွန်နည်းပြီး တရားထူး

တရားမြတ်ရတဲ့ ပုဂ္ဂိုလ်တွေက အလွန်များတယ်”၊ ဆိုလိုတာက စည်းကမ်းတွေ သိပ်ပြီးတော့ မချမှတ်ရဘဲနဲ့ တရားထူးတရားမြတ်ရတဲ့ပုဂ္ဂိုလ်တွေ အလွန်များတယ် တဲ့၊ “အခု နောက်ပိုင်းခေတ် ရောက်လာတဲ့အခါကျတော့ စည်းမျဉ်းစည်းကမ်းတွေကလည်း များပြားလာတယ်၊ စည်းမျဉ်းစည်းကမ်းတွေက တိုးတိုးလာသော်လည်း တရားထူးတရားမြတ်ရတဲ့ ပုဂ္ဂိုလ်ရဲ့အရေအတွက်က လျော့ကျသွားတယ်”။

ဒီ ၂-ခုကို နှိုင်းယှဉ်ကြည့်တာ၊ “အရင်တုန်းက စည်းမျဉ်းစည်းကမ်း နည်းနည်းလေးပဲ၊ သို့သော် တရားထူးတရားမြတ်ရတဲ့ပုဂ္ဂိုလ်ရဲ့ အရေအတွက်က အားရစရာကောင်းတယ်၊ အခု နောက်ပိုင်းခေတ်ကို ရောက်လာတဲ့အခါကျတော့ စည်းမျဉ်းစည်းကမ်းတွေက

များသည်ထက် များလာပေမယ့် တရားထူးတရားမြတ်ရတဲ့ပုဂ္ဂိုလ်ရဲ့ အရေအတွက်ကျတော့ လျော့ကျသွားတယ်”တဲ့၊ “အဲဒါ ဘာဖြစ်လို့လဲဘုရား” လို့ သူမေးတဲ့ မေးခွန်းက အဲဒီလိုမျိုးပဲ။

အဲဒီလိုမေးတော့ မြတ်စွာဘုရားက “လောကကြီး ဆုတ်ယုတ်လာရင် ဒီလိုပဲ ဖြစ်တတ်တာပဲ”တဲ့၊ “သတ္တဝါတွေက ဆုတ်ယုတ်လာလို့ သူတော်ကောင်းတရားတွေ လျော့ကျပျောက်ကွယ်လာသည့် အတွက်ကြောင့် အခုလို စည်းမျဉ်းစည်းကမ်းတွေက တိုးလာပြီးတော့ တရားထူးတရားမြတ်ရတဲ့ ပုဂ္ဂိုလ်တွေက နည်းနည်းနည်းနည်းသွားတယ်၊ ဒါဟာ ဆုတ်ယုတ်မှုကို ပြတယ်” လို့ ဒီလိုပြောတာပေါ့။

ဘုန်းကြီးတို့တစ်တွေရဲ့ ခေတ်မှာလည်းပဲ တစ်ဘက်ကနေ ကြည့်မယ်ဆိုရင် ရုပ်ဝတ္ထုပစ္စည်းတွေ အလွန် တိုးတက်တယ်၊ တိုးတက်တယ်လို့ ပြောလို့ရကောင်း ရနိုင်သော်လည်းပဲ ကိုယ်ကျင့်တရားဘက် ကြည့်လိုက်မယ်ဆိုရင် အများကြီးဆုတ် ယုတ်သွားတာကို တွေ့ရတယ်၊ အတော်ကို ဆုတ်ယုတ်သွားတာကို တွေ့ရတယ်။

လူတွေရဲ့စိတ်နေစိတ်ထားတို့ဆိုတာ တစ်ကမ္ဘာလုံးအတိုင်းအတာတစ်ခုနဲ့ ပြောမယ်ဆိုရင် ဟိုးလွန်ခဲ့တဲ့ ဆိုပါစို့ နှစ် ၆၀-လောက်က ဘုန်းကြီးတို့ငယ်စဉ် ကာလက ဆိုလို့ရှိရင် ကမ္ဘာမှာ အကြမ်းဖက်သမားဆိုတာ မကြားဖူးဘူး၊ Terrorist ခေါ်တဲ့ အကြမ်းဖက်သမားဆိုတာ မကြားဖူးဘူး၊ ဘယ်သတင်းစာ ဘယ်ရေဒီယိုက

3 A

မှ ဒီအသုံးအနှုန်းသုံးတာ မရှိဘူး၊ အကြမ်းဖက်ဝါဒဆိုတာလည်း မကြားခဲ့ဖူးဘူး၊ လူတွေ သေကြေပျက်စီးအောင်ဆိုပြီး အစွမ်းထက်တဲ့ လက်နက်တွေ အသုံးပြုပြီးတော့ ဘယ်သူသေသေ လုပ်တာမျိုးလည်း အင်မတန်မှ ရှားတယ်၊ မကြားဖူးဘူး၊ နောက်ပိုင်းခေတ် ရောက်လာတဲ့အခါ ဒါတွေက အရေအတွက် အလွန်များလာတယ်၊ အလွန်များလာတာကို ထောက်မယ်ဆိုရင် ဒါ တဖြည်းဖြည်းဆိုးဝါးလာတယ် ဆိုတဲ့အနေအထားဟာ ထင်ထင်ရှားရှား သိသာလာတယ်ပေါ့။

ရုပ်ဝတ္ထုပစ္စည်းဘက်က ဘယ်လောက်ပဲ တိုးတက်တိုးတက်၊ ကိုယ်ကျင့်တရားဆိုင်ရာ စိတ်နေစိတ်ထားတွေက အင်မတန်မှကျဆင်းသွားတယ်၊ ကျဆင်းသွားတာ အရေအတွက်နဲ့ တိုင်းတာလိုက်မယ်

ဆိုရင် ကောင်းတဲ့ဘက်က ရာခိုင်နှုန်းနည်းပြီးတော့ ဆိုးတဲ့ဘက်က ရာခိုင်နှုန်းတွေ များများလာတယ်၊ ဒါဟာ ဆုတ်ယုတ်တာပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဖြေတယ်၊ "အဲဒီလိုဖြစ်ရတာ တခြားအကြောင်းကြောင့် မဟုတ်ဘူး" တဲ့၊ "သတ္တဝါတွေရဲ့ ကိုယ်ကျင့်တရားတွေ သူတော်ကောင်းတရားတွေ ဆုတ်ယုတ်လာတဲ့ အနေအထားကြောင့် ဒီလိုဖြစ်ရတာ"လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောတယ်။

ဒီသူတော်ကောင်းတရားဆိုတဲ့ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားစစ်တရားမှန်တွေ ပျက်စီး ဆုတ်ယုတ် သွားတယ်ဆိုတာ တရားမွေကိုကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပိုပြီးတော့သက်ဆိုင်တယ်၊ အပြင်က

လာဖျက်တာ မဟုတ်ဘူး၊ ဘုရားက ဥပမာနဲ့ဟောတာ ရှိတယ်၊ ရတနာတွေ တင်ထားတဲ့ လှေတစ်စင်း မြုပ်သွားလို့ရှိရင် ရတနာပစ္စည်းတွေပါ တစ်ခါတည်း ယူဆောင်ပြီးတော့ မြုပ်သွားတယ်၊ တည်ရာဖြစ်တဲ့ လှေမြုပ်မှတော့ ရတနာတွေလည်း မြုပ်မှာပဲ၊ ဆိုလိုတာက မြတ်သောအကျင့်ကို ကျင့်ကြတဲ့ပုဂ္ဂိုလ်တွေ အကျင့်ပျက်ပြီ ဆိုလို့ရှိရင် မြတ်စွာဘုရား ဟောကြားတဲ့တရားတော်တွေကို ယူဆောင်ပြီး သူတို့ပျက်သလို ဒီတရားမြတ်တွေဟာလည်းပဲ ပျက်စီးဆုံးရှုံးကုန်ရတယ်၊ အဲဒီ ရတနာတွေတင်ထားတဲ့ လှေကြီးမြုပ်သွားသလို သူတော်ကောင်းတရားဟာ ပုဂ္ဂိုလ်တွေနဲ့အတူ တိမ်မြုပ်ပျောက်ကွယ်သွားတယ်။

အဲဒီစကားကို နားထောင်ကြည့်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ တရားတော်တွေ ပုဂ္ဂိုလ်တွေပေါ်မှာ တည်ဖို့ အင်မတန်မှ လိုအပ်တယ်၊ ဒါကြောင့်မို့လို့ ခုလို ပရိယတ္တိကျောင်းတိုက်ကြီးတွေ တည်ထောင်ပြီးတော့ စာတတ်ပုဂ္ဂိုလ်တွေ မွေးထုတ် နေကြရတယ်။ အကယ်၍ စာတတ်ပုဂ္ဂိုလ်တွေ လျော့ကျသွားပြီ ဆိုလို့ရှိရင် ဆိုပါစို့ စာတတ်ဘုန်းကြီး တစ်ပါးမျှ မရှိတော့ဘူးဆိုရင် သူနဲ့အတူ လျှော့မြုပ်သွားသလိုပဲ ရတနာထုပ်တွေ ပါသွားသလို တရားမွေတွေပါသွားမှာပဲ၊ စာအုပ်တွေရှိတယ်၊ ကျောက်စာတွေရှိတာယ်လို့ တချို့က ပြောကောင်း ပြောလိမ့်မယ်၊ အဲဒီစာအုပ်တွေတို့ ကျောက်စာတွေတို့ဟာ အဓိပ္ပါယ်မဖော်နိုင်လို့ရှိရင် ဘာမှ

အသုံးမဝင်တော့ဘူးပေါ့၊ မဖော်နိုင်တဲ့ခေတ်ဟာ နီးနီးကပ်ကပ်မှာပဲ ရှိတယ်။

ဒီကနေ့ခေတ်မှာတောင်မှပဲ အဓိပ္ပါယ်မဖော်နိုင်သေးတဲ့ စာပေတွေရှိတယ်၊ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တာ နှစ်ပေါင်း ၆၀-ရှိသွားပြီ၊ အဲဒီ ဆဋ္ဌသင်္ဂါယနာတင်တုန်းက မဇ္ဈိမနိကာယ်ကို အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုတဲ့ ဋီကာတစ်စောင်မှာ စာတစ်မျက်နှာ လောက်ရေးထားတာရှိတယ်။ အဓိပ္ပါယ်ရှင်းလို့ မရသည့်အတွက်ကြောင့် အဲဒီအရှုပ်အတိုင်းပဲ ပုံနှိပ်ပြီးတော့ထည့်ထားတာ၊ ဒီကနေ့အထိ ရှင်းနိုင်တဲ့ပုဂ္ဂိုလ်မပေါ်သေးဘူး။

အဲဒီလို ဗုဒ္ဓမြတ်စွာရဲ့တရားတော်တွေ စာပေကျမ်းဂန်တွေကို တတ်သိနားလည်တဲ့ပုဂ္ဂိုလ်တွေ

မရှိဘူးဆိုရင် စာအုပ်တွေ ဘယ်လောက်ရှိရှိ၊ ကျောက်စာတွေနဲ့ ဘယ်လောက်ထားထား၊ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ ကျင့်သုံးတဲ့ပုဂ္ဂိုလ် သင်ယူတဲ့ပုဂ္ဂိုလ် မရှိရင် ပုဂ္ဂိုလ်နဲ့အတူ ပျောက်ကွယ်သွားမှာပါပဲ။

ဒါကြောင့် တရားမှေ့ဆိုတာ ရတနာလှေကြီးမြုပ်သွားရင် ရတနာထုပ်ကြီးပါသွားသလို ပရိယတ္တိသင်ယူနေကြတဲ့ပုဂ္ဂိုလ်တွေ ပျောက်ကွယ်သွားတာနဲ့ တစ်ပြိုင်နက် ပျောက်ကွယ်သွားနိုင်တယ်။ အဓိကသာသနာကို ပျောက်စေတဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲ၊ ဆိုလိုတာက ပျောက်တယ်ဆိုတာ သူတို့ကြောင့် ပျောက်တာ မဟုတ်ဘူး။

မြတ်စွာဘုရားဆိုလိုတဲ့ အဓိပ္ပါယ်က မြေကြီးကလည်း သာသနာကို ဖျက်တာ မဟုတ်ဘူးတဲ့၊ ဒီ

နှစ်သိန်းလေးသောင်း အထုရှိတဲ့ ကမ္ဘာမြေကြီးက လည်းပဲ သာသနာကိုဖျက်ဆီးတာ မဟုတ်ဘူးတဲ့၊ မြေကြီးပေါ်ကနေ ဖြစ်ပေါ်လာပြီး ဟိုး ဗြဟ္မာဘုံ အာဘဿရာဘုံထိအောင် ရေတွေပြည့်လျှံပြီး ကမ္ဘာဖျက်တဲ့ ရေထုကြီးကလည်းပဲ သာသနာကို ဖျက်ဆီးတာ မဟုတ်ဘူးတဲ့၊ မြေပေါ်ကနေဖြစ်ပြီးတော့ သုဘကိဏှာဘုံထိအောင် တောက်လောင်သွားတဲ့ ကမ္ဘာဖျက်မီးကြီးကလည်းပဲ သာသနာကို ဖျက်တာ မဟုတ်ဘူး၊ မြေပေါ်ကနေပြီး အထက်ဗြဟ္မာဘုံထိ အောင် တိုက်ခတ်သွားတဲ့ ကမ္ဘာဖျက် လေထုကြီးက လည်း သာသနာကိုဖျက်တာ မဟုတ်ပါဘူးတဲ့၊ သာသနာကို ပျောက်ကွယ်စေတာ မဟုတ်ပါဘူး၊ သာသနာပျောက်ကွယ် စေတာကတော့ ဒီသာသနာ

ထဲမှာ ရှိနေကြတဲ့ အသုံးမကျတဲ့ ပုဂ္ဂိုလ်တွေကြောင့်ပါလို့ မြတ်စွာဘုရားက အဲဒီလိုဟောတယ်။

အသုံးမကျသူကို မောဃပုရိသလို့ ခေါ်တယ်၊ သာသနာတွင်းမှာ နေတဲ့ ပုဂ္ဂိုလ်တွေက မြတ်စွာဘုရား ဟောကြားတဲ့ တရားဓမ္မတွေကို သင်ယူမှုမပြုကြတော့ဘူး၊ နားလည်အောင် မကြိုးစားကြတော့ဘူး ဆိုရင် ဒီတရားတွေဟာ ပျောက်သွားမှာပဲ၊ ဒါကြောင့်မို့ ဗုဒ္ဓရဲ့ တရားတော်တွေကို သင်ယူနေကြတဲ့ စာသင်တိုက်ကြီးတွေ တည်ထောင်ကြရတယ်၊ ထိုစာသင်တိုက်ကြီးတွေကို အားပေးပံ့ပိုးထောက်ပြုလုပ်ပြီးတော့ စာပေတတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးနေကြရတယ်၊ ဒီလုပ်ငန်းဟာ အင်မတန်မှအရေးပါတဲ့ လုပ်ငန်းတစ်ခုပဲ၊ သာသနာ အရှည်တည်ဖို့အတွက်

အရေးကြီးတဲ့ လုပ်ငန်းတစ်ခုလို့ဆိုတာ ဒီ "သဒ္ဓမ္မ ပတိရူပက သုတ်"အရ အင်မတန်မှ ထင်ရှားတယ်ပေါ့၊ ပြင်ပအင်အားစုတွေကြောင့် သာသနာပျက်သွားတာ မဟုတ်ဘူးလို့ မြတ်စွာဘုရားက အဲဒီမှာ ဒီသုတ္တန်မှာ ဟောထားတယ်။

မြတ်စွာဘုရားဟောတဲ့အထဲမယ် သာသနာ ပျက်ခြင်းရဲ့ အကြောင်း , သာသနာကို ယုတ်လျော့ သွားစေတတ်တဲ့ အကြောင်းကတော့ ဘာလဲဆိုရင် သာသနာကို မှီခိုနေကြတဲ့ မြတ်စွာဘုရားရဲ့ တပည့် ပရိသတ် ၄-မျိုးရှိတယ်၊ အဲဒီပရိသတ် ၄-မျိုးက ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ, ပရိသတ် ၄-မျိုး၊ သာသနာတွင်း ဝင်ရောက်ပြီး သင်ယူကျင့်ကြံနေကြတဲ့ ဘိက္ခု, ဘိက္ခုနီ, အမျိုးသားရဟန်း, အမျိုးသမီးရဟန်း,

သာသနာ့အပြင်ကနေပြီးတော့ မြတ်စွာဘုရား တရားတော်တွေကို ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး သာသနာတော်ကို ထောက်ပံ့နေကြတဲ့ အမျိုးသား ဥပါသကာ အမျိုးသမီးဥပါသိကာမ၊ အဲဒီ ဗုဒ္ဓဘာသာ ဝင်ပရိသတ် ၄-မျိုးက မြတ်စွာဘုရားအပေါ်မှာ အလေးအနက်ထားခြင်း မရှိဘူး၊ တရားဓမ္မအပေါ်မှာ အလေးအနက်ထားခြင်း မရှိဘူး၊ အရိယာသံဃာတွေ အပေါ်မှာ အလေးအနက်ထားခြင်း မရှိဘူး၊ ကိုယ်ကျင့် ရမယ့် ကျင့်ဝတ်သိက္ခာတွေ အပေါ်မှာ အလေးအနက် မထားဘူး၊ အပ္ပမာဒ မမေ့မလျော့ခြင်း တရားဓမ္မပေါ်မှာ အလေးအနက်မထားဘူး ဆိုလို့ရှိရင် ဒါ သာသနာ ကွယ်မခြင်းရဲ့ အကြောင်းဖြစ်တယ်။

အခုပြောခဲ့တဲ့ ဘုရား, တရား, သံဃာ, ကိုယ်ကျင့်တရား, အပ္ပမာဒ တရားလို့ဆိုတဲ့ ဒီတရားတွေအပေါ်မှာ အလေးအနက်ထားပြီး လိုက်နာကျင့်သုံးမယ် ဆိုလို့ရှိရင် သာသနာကို တည်စေနိုင်တယ်လို့ မြတ်စွာဘုရားက ရှင်မဟာကဿပမေးခွန်းကို အခုလိုဖြေခဲ့တာ ဖြစ်တယ်။

အဲဒီမှာ မြတ်စွာဘုရားက "ကဿပ" တဲ့၊ "လောကမှာ ရွှေအတု မပေါ် သေးသမျှကာလပတ်လုံး ရွှေအစစ်က မပျောက်ဘူး"တဲ့၊ "ငွေအတု မပေါ် သေးသမျှကာလပတ်လုံး ငွေအစစ်ဆိုတာ မပျောက်ဘူး၊ ရတနာအတုတွေ မပေါ်သေးသမျှကာလပတ်လုံး ရတနာအစစ်ဆိုတာ မပျောက်ဘူး"။

အတုဆိုတာ စဉ်းစားကြည့်ပေါ့။ ရွှေဆိုတာပဲ ကြည့်လိုက်ဦး၊ ရွှေအစစ်ဆိုတာ တန်ဖိုးကြီးတယ်၊

သာမန်ပုဂ္ဂိုလ်တွေ ဝယ်ယူဝတ်ဆင်နိုင်ခြင်း မရှိဘူး။ ရွှေနဲ့လုပ်ထားတဲ့ ရတနာအစစ်တွေဟာ လူတိုင်း ဝတ်ဆင်နိုင်ခြင်း မရှိတော့ ရွှေရောင်ဝင်းနေတဲ့ ရွှေအတုနဲ့လုပ်ထားတဲ့ ဝတ်စားတန်ဆာကျတော့ တန်ဖိုးနည်းနည်းနဲ့ အမြင်အားဖြင့် ရွှေအစစ်ကဲ့သို့မခြား တွေ့မြင်နေကြရတယ်၊ ရွှေလက်ကောက်အစစ်ဝတ်တာ နဲ့ ရွှေအတု လက်ကောက်ဝတ်တာ ကြည့်လိုက်မယ် ဆိုရင် လှတာချင်းက အတူတူပဲ၊ တန်ဖိုးချင်းသာ ကွာခြားတာ၊ အဲဒီလို အတုတွေ ပေါ်လာတဲ့အခါ ကျတော့ အစစ်ဆိုတာက တန်ဖိုးအင်မတန်ကြီးလို့ လူတိုင်းမဝတ်နိုင်ဘူး၊ အတုဆိုတာကျတော့ လူတိုင်း ဝတ်နိုင်တယ်၊ အဲဒီလိုအတုတွေ ပေါ်လာတဲ့အခါမှာတဲ့ အစစ်ဟာ အလိုအလျှောက် လုံခြုံတဲ့သေတ္တာထဲက

ထွက်မလာတော့ဘူး၊ အတုနဲ့ပဲ စခန်းသွားကြတော့တယ်၊ အဲဒါဟာ အစစ်ပျောက်ခြင်းရဲ့ အကြောင်းပဲတဲ့။

တရားထူးနဲ့ ပတ်သက်လာလို့ရှိရင်လည်းပဲ ဒီအတိုင်းပဲ၊ မြတ်စွာဘုရား တရားအစစ်က မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်တယ်။ ရဖို့ကျင့်ကြံကြိုးကုတ် အားထုတ်ကြရတယ်၊ အဲဒီလို မဂ် ဖိုလ် နိဗ္ဗာန်ရဖို့တရားအားထုတ်တယ်၊ သောတာပန်ဖြစ်ဖို့ သကဒါဂါမ်ဖြစ်ဖို့ အနာဂါမ်ဖြစ်ဖို့ ရဟန္တာဖြစ်ဖို့ဆိုတာ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ပြီး အရိုးကြေကြေ အရေခမ်းခမ်း နည်းမှန်မှန်နဲ့ ကြိုးစားအားထုတ်ကြရတယ်။

မဟာသီဝမထေရ်ကြီးတို့ဆိုရင် တရားအားထုတ်လိုက်တာ ဝါတွင်းကာလ အဓိဋ္ဌာန်ပြီးတော့ ကြိုးကြိုးစားစား အားထုတ်တယ်၊ ဒီတစ်ဝါဖြင့် ရဟန္တာ ဖြစ်လိမ့်

မယ်လို့ ကြိုးစားပေမယ့် ဝါသာကျွတ်သွားရော ရဟန္တာ မဖြစ်ဘူး၊ အဲဒီလို မျှော်လင့်ချက်နဲ့ ဝါတွင်းဝါတွင်းမှာ အမြဲတမ်း အစိဋ္ဌာန်ပြီး ကြိုးစားလိုက်တာ၊ ဘယ်နှစ်နှစ် ကြိုးစားရတုန်းဆိုရင် နှစ်ပေါင်း ၃၀-ကြိုးစားရတယ်၊ အဲဒီလို နှစ်ပေါင်း ၃၀-ထိအောင် ကြိုးစားမှ တရားထူး တရားမြတ်ဟာ ရလာတယ်၊ အင်မတန်မှ ကြိုးပမ်း အားထုတ်ရတယ်။

တရားအစစ်ဆိုတာကျတော့ လွယ်လွယ်ကူကူနဲ့ မရဘူး၊ ရလို့ရှိရင်လည်း တန်ဖိုးက အပြည့်ရှိတယ်၊ အဲဒါကို လိုက်တုတဲ့ တရားတုတွေကျတော့ လွယ်လွယ် ကူကူနဲ့ ရနိုင်တယ်၊ အဲဒီလို တရားအားထုတ်တဲ့ နေရာမှာလည်းပဲ အတုအယောင်ဆိုတာ ပေါ်လာ တတ်တယ်။

အဋ္ဌကထာမှာတော့ အတုအယောင်နဲ့ ပတ်သက်ပြီး ၂-မျိုးပြထားတယ်၊ **အဓိဂမသဒ္ဓမ္မ** နဲ့ **ပရိယတ္တိသဒ္ဓမ္မ။ အဓိဂမသဒ္ဓမ္မဆိုတာ** တရားမွေ ကြိုးစားအားထုတ်လို့ ရရှိလာတဲ့ သိရှိလာနိုင်တဲ့ တရားထူး တရားမြတ်ကို ခေါ်တယ်၊ ဆိုလိုတာက ဈာန်တရား မဂ်တရား ဖိုလ်တရား အဘိညာဉ် ၆-ပါး ပဋိသမ္ဘိဒါဉာဏ် ၄-ပါး ဝိဇ္ဇာ ၃-ပါးဆိုတဲ့ ထူးခြားတဲ့ တရားထူးတရားမြတ်တွေဟာ အဓိဂမသဒ္ဓမ္မ ဖြစ်တယ်။

**အဓိဂမသဒ္ဓမ္မ**ရဲ့ အတုအယောင်တွေကဘာတွေ လဲလို့ဆိုရင် ဝိပဿနာ ကျင့်စဉ်ကို ကျင့်တဲ့အခါမှာ သမာဓိစွမ်းအားလေးတွေ တက်လာပြီး ဖြစ်ပျက်မြင်လို့ အသိဉာဏ် ဝင်လာတဲ့အခါမှာ ခန္ဓာကိုယ်က အလင်းရောင် ထွက်လာတတ်တယ်၊ ဩဘာသလို့ ဆိုတယ်၊

ဝိပဿနာ စိတ်ကြောင့် ဖြစ်ပေါ်လာတာ, သန့်ရှင်းကြည်လင်သော စိတ်ကြောင့် ခန္ဓာကိုယ်က အလင်းရောင်တွေ ထွက်လာတာ၊ အဲဒါကို တကယ့် တရားထူးတရားမြတ်လို့ ယူဆလိုက်လို့ရှိရင် အဲဒါဟာ "အမိဂမသဒ္ဓမ္မပတိရူပက" ပဲ၊ တရားအတုအယောင်ပဲ၊ အဲဒါကို ငါ မဂ် ဖိုလ် နိဗ္ဗာန်ရပြီ တရားထူးတရားမြတ် ရပြီဆိုပြီး နှစ်သိမ့်ကျေနပ်သွားလို့ရှိရင် ဘာအကျိုးမှ ရမှာမဟုတ်ဘူး။

အဲဒီလို ဝိပဿနာရဲ့ အညစ်အကြေးဆိုတဲ့ တရားတွေဟာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ပေါ်လာတတ်တယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဒါမျိုး ပေါ်လာမှာမဟုတ်ဘူး၊ တရားအားထုတ်

တဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုတရားတုဆိုတာ တွေ့ကြုံလာရ တတ်တယ်။

အဲဒီလိုတွေ့ကြုံလာတဲ့အခါ အဲဒီတရားအတုနဲ့ပဲ စိတ်ထဲမှာ ကျေနပ်သွားပြီး ဒီပုဂ္ဂိုလ်ဟာ တကယ့် အစစ်အမှန်တရားကို မရဘူး။ နောက်ဆုံးသေခါနီးမှာ အချိန်မမှီတော့ဘဲနဲ့ တရားထူးတရားမြတ် မရဘဲနဲ့ ရာဂရှိတဲ့ဘဝနဲ့ပဲ သေဆုံးသွားရတယ်။ သံသရာထဲမှာ ဆက်ပြီးတော့ လည်နေရပြန်တယ်ပေါ့။ အဲဒီလို တရား အတုတွေဟာ ကိုယ်ကျိုးကို ထိခိုက်နစ်နာပျက်စီးစေ တတ်တယ်။

ကျင့်သုံးဖို့နဲ့ ပတ်သက်လာတော့ ပဋိပတ္တိဆိုတဲ့ တရားအတုကလည်း ရှိသေးတယ်၊ မမှန်မကန် ကျင့်သုံး မှုတွေ, မြတ်စွာဘုရားမဟောဘဲနဲ့ ဟောတယ် ဆိုပြီး

တော့ ရေးသားထားတဲ့စာအုပ်တွေ ဒါမျိုးတွေကလည်း ခေတ်အဆက်ဆက်မှာ ပေါ်လာတတ်တယ်၊ အဲဒါတွေကျတော့ ပရိယတ္တိသဒ္ဓမ္မပတိရူပက၊ သင်ကြားရမယ့်စာအုပ်တွေကလည်း အတုဖြစ်လာတတ်တယ်၊ ကျင့်သုံးရမယ့် အကျင့်တရားတွေကလည်း အတုဖြစ်တယ်၊ အဋ္ဌကထာမှာ ဒီ ၂-မျိုးပဲ ပြထားတယ်၊ **အဓိဂမသဒ္ဓမ္မပတိရူပကနဲ့ပရိယတ္တိသဒ္ဓမ္မပတိရူပကလို့** ဆိုပြီးတော့ မျက်မှောက်ပြုရမယ့် တရားအတုရယ် သင်ကြားရတဲ့စာပေအတုရယ်- အဲဒီ ၂-ခုဟာ အန္တရာယ်ကို ဖြစ်စေတယ်လို့။

ဒီကနေ့ခေတ်မှာ မျက်မှောက်ပြုရမယ့်တရားအတုတင်မကဘူး၊ စာပေ အတုတင်မကဘူး၊ အကျင့်တရားနဲ့ပတ်သက်တဲ့ အတုတွေကလည်း ပေါ်နေတာပဲ

ဆိုပါစို့- ဘုန်းကြီးတစ်ပါးက တရားဟောတယ်၊ သူ့ဆီလာ, နာရီဝက်လောက် တရားနာ၊ တရားနာရင်း ကြက်သီးမွေးညှင်း ထတယ်၊ ပီတိ ဖြစ်သွားတယ်၊ သူ့တရားကို အာရုံစိုက်ပြီးတော့နာ၊ သဒ္ဓါတရားရှိရင် လာခဲ့၊ သူ့တရားကို နာရီဝက်လောက်ကလေးနာ၊ နာလိုက်တာနဲ့ တစ်ပြိုင်နက် ကြက်သီးမွေးညှင်းလေး ထသွားရင် အဲဒါသောတာပန်ဖြစ်သွားပြီလို့ဟောတယ်။ တကယ် မြန်မာပြည်မှာ ပေါ်ခဲ့တာ၊ နောက်ဆုံးကျတော့ သောတာပန်ဆိုတဲ့ Certificate တောင် ပေးတယ်နော်၊ တရားရက်စေ့လို့ရှိရင် တရားထူးတရားမြတ်ကို ကျင့်တဲ့ ပုဂ္ဂိုလ်က ရတယ်ပြောပြော, မရဘူးပြောပြော သူက လက်မှတ်ပေးတယ်။ အဲဒါမျိုးဟာ အတုအယောင်လို့ ခေါ်တယ်။

တရားထူးတရားမြတ်ဆိုတာ ကိုယ်ကျင့်ရင် ကိုယ်ရတာ ကိုယ်သိတာပေါ့၊ ကိုယ့်စိတ်ထဲမှာ ဖြစ်တဲ့ အရာတွေပဲ၊ ကိုယ်မသိဘဲနဲ့ တခြားလူတစ်ယောက် ကနေ လာပြီးတော့ သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ် ဖြစ်ပြီ၊ အနာဂါမ်ဖြစ်ပြီ ဆိုတော့ ငြော် ငါသောတာပန် ပါလား သကဒါဂါမ်ပါလား အနာဂါမ်ပါလားနဲ့ ကိုယ့်ကိုယ်ကို အထင်ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေက လည်း ရှိသေးတာကိုး၊ ဒါကြောင့်မို့လို့ ဒီကနေ့ခေတ်မှာ အတုအယောင်တွေ မရှိဘူးလို့ မအောက်မေ့လေနဲ့၊ အတုအယောင်တွေက အင်မတန်မှပေါတယ်၊ စာပေနဲ့ ပတ်သက်ပြီးတော့လည်း အတုအယောင်တွေ၊ တရား ကျင့်စဉ်နဲ့ ပတ်သက်ပြီးတော့လည်း အတုအယောင်တွေ တရားထူး တရားမြတ် ရပုံရနည်းနဲ့ပတ်သက်လို့လည်း

အတုအယောင်တွေ သောတာပန်အတုတွေ သကဒါဂါမ်အတုတွေ အနာဂါမ်အတုတွေ ရဟန္တာအတုတွေ ဖြစ်နေတယ်။

ဒါ ဘာဖြစ်လို့ပြောရတာတုန်းဆိုရင် မြတ်စွာဘုရားဟောတဲ့ သဒ္ဓမ္မပတိရူပကသုတ်မှာ ဒီလိုသတိပေးထားတာ ဖြစ်သောကြောင့် တို့တွေ အတုနဲ့အစစ်ခွဲခြားသိဖို့ လိုအပ်တယ်၊ အစစ်နဲ့အတု ခွဲခြားမသိဘူး၊ အတုကို လက်ခံကျင့်သုံးပြီဆိုလို့ရှိရင် သံသရာမှာပါနစ်နာသွားနိုင်တယ်၊ ဒါကြောင့်မို့ အဲဒီလိုမဖြစ်ရအောင်အခုလို စာပေလေ့လာဖို့ သင်ကြားဖို့ မှတ်ယူဖို့ ပရိယတ္တိစာသင်တိုက်ကြီးတွေ တည်ထောင်ထားရတယ်။ ရည်ရွယ်ချက်ဟာ အင်မတန်မှ ကြီးမားတဲ့ရည်ရွယ်ချက်ပဲ ဖြစ်တယ်။

စာပေသင်နေတဲ့ ပရိယတ္တိစာသင်တိုက်ကြီး တွေမှာ စာပေပို့ချနေကြတဲ့ နာယကတွေ တိုက်အုပ်တွေ တိုက်ကြပ်တွေ စာချဘုန်းကြီးတွေဆိုတာ ရှိတာယ်၊ အဲဒီလို ကျောင်းတိုက်ကို ပစ္စည်းလေးပါး ထောက်ပံ့နေကြတဲ့ ဒကာဒကာမတွေဟာ တရားမေးမြန်းကိုလည်း နာယူနိုင်တယ်၊ မသိလို့ရှိရင်လည်း ဒီအကြောင်းအရာဟာ ဟုတ်ရဲ့လား၊ စာထဲမှာပါသလား၊ ဘယ်လိုဆိုလိုတာလဲ ဆိုတာ မေးမြန်းဖို့လိုအပ်တာပေါ့၊ အဲဒီလို မေးစရာပုဂ္ဂိုလ် ရှိဖို့လည်း လိုအပ်တယ်၊ မေးတဲ့အခါမှာလည်းပဲ အမှန် အကန် ပြောပြနိုင်တဲ့ပုဂ္ဂိုလ်ဟာလည်း အရေးကြီးတယ်၊ ဒါကြောင့်မို့ ပရိယတ္တိစာသင်တိုက်ကြီးတွေမှာ စာတတ် တဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာအောင် ကြိုးစားပြီးတော့

ဆောင်ရွက်နေကြရတယ်၊ ဒီတာဝန်ဟာ သေးတဲ့ တာဝန် မဟုတ်ဘူး။

အကယ်၍ ဒီတာဝန်ကို မထမ်းဆောင်နိုင်ဘူး ဆိုရင် အခု ဒီနားပတ်ဝန်းကျင် နိုင်ငံတွေနဲ့ နှိုင်းယှဉ် ကြည့်လိုက်၊ ဘုန်းကြီးတို့"အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်"မှာ သင်တန်းတက်နေတဲ့ ထေရဝါဒ နိုင်ငံတွေက ကမ္ဘောဒီးယားတို့ လာအိုတို့ အဲဒီနိုင်ငံလေးတွေအနေအထားနဲ့ ယှဉ်ကြည့်လိုက်ရင် မြန်မာပြည်က ပရိယတ္တိအရည်အချင်းနဲ့ သူတို့ရဲ့ ပရိယတ္တိအရည်အချင်းဟာ အလွန်ကိုကွာခြားသွားပြီ တရားမွေနဲ့ ပတ်သက်ပြီးတော့ မသိသလောက်ကို ဖြစ်သွားပြီ သာမန်ဘုရားရှိခိုးတာတို့ ပရိတ်ရွတ်တာတို့ ဒါလောက်ပဲ ကျန်တယ်၊ ပရိတ်ရွတ်တယ်ဆိုတာလည်းပဲ

အဓိပ္ပါယ်သိလို့ မဟုတ်ဘူး၊ ဒီလိုရွတ်ရ တယ်ဆိုလို့ ရွတ်တာ၊ နားထောင်ကောင်းအောင် ရွတ်တာ၊ တခြားဘာသာတွေ မှာလည်းပဲ အဲဒီလိုပဲ၊ Chanting လုပ်တာ။

ဘုန်းကြီးတို့ ဂျပန်သွားတုန်းက ဂျပန်မဟာယာန ဘုန်းကြီးတွေ ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တွေက တောင်းဆိုတဲ့ အခါ သံချိုင်းသွားပြီးတော့ Chanting လုပ်တယ်၊ ဗုံလေး ခေါက်ပြီး မဟာယာနသုတ္တန်တွေကို ရွတ်ဖတ်သရဇ္ဈာယ် ပေးတာ၊ အဲဒီလို ရွတ်ဖတ်သရဇ္ဈာယ်ပေးတော့ လက်တွေ့အကျိုးက ဘာလဲဆိုလို့ရှိရင် ဓနငွေကြေး ရတာပေါ့နော်၊ တန်ရာတန်ကြေးတွေ ရတယ်၊ အဲဒါနဲ့ပဲ မဟာယာနဘုန်းကြီးတွေက ချမ်းသာကြတယ်။ အဲဒီမှာ ဘာဖြစ်လို့ ရွတ်ရတာတုန်းဆိုတာ နာတဲ့သူကလည်း

မသိဘူး၊ ရှုတ်တဲ့ပုဂ္ဂိုလ်ကလည်း ဘာအဓိပ္ပါယ်မှ မသိဘူး၊ ဒီလိုပဲ သင်ထားတဲ့အတိုင်း ရွတ်လိုက်တာပဲ။

အဲဒီမှာ မဟာယာနဘုန်းကြီးတစ်ပါးကို မေးကြည့်တယ်၊ ဒါတွေ ဘာရည်ရွယ်ချက်နဲ့ ရွတ်တာလဲဆိုတော့ သေသွားတဲ့လူရဲ့ ဝိညာဉ် လမ်းဖြောင့်ပါစေ ဆိုပြီးတော့ ဒီလိုရည်ရွယ်ချက်နဲ့ ရွတ်တာတဲ့၊ သေသွားတဲ့လူရဲ့ ဝိညာဉ်က ဒီနားရှိမရှိ သိတာတော့ မဟုတ်ဘူး၊ ဒါနဲ့ ဘုန်းကြီးက မေးတယ်၊ အဲဒီလို လမ်းဖြောင့်အောင် ရွတ်လိုက်လို့ ဝိညာဉ်ဘယ်နှစ်ခုဟာ လမ်းဖြောင့်သွားသလဲလို့ဆိုတော့ အဲဒီလိုတော့ မသိဘူးတဲ့နော်၊ အဲဒီလိုတော့ မသိဘူး, ထုံးစံမို့သာ ဒီလိုရွတ်တာတဲ့ ဆိုတော့ ဘာမှမသိဘဲနဲ့ ရွတ်နေတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ အင်မတန်မှ ထင်ရှားတယ်ပေါ့။ သို့သော် အကျိုး

မရှိဘူးလားဆိုတော့ အကျိုးရှိတယ်လေ၊ တစ်ခါ ရွတ်တယ်ဆိုလို့ရှိရင် ခနငွေကြေးရတာပဲ၊ အလကား ရွတ်ရတာမှ မဟုတ်ဘဲ၊ အဲဒီ ပစ္စုပ္ပန်အကျိုးတော့ ရှိပါတယ်၊ သို့သော် လမ်းပျောက်နေတဲ့ ဝိညာဉ်လေး၊ ဝိညာဉ်က လမ်းပျောက်နေတယ် ဆိုတာလည်း ထေရဝါဒတရား တော်အရ ဖြစ်နိုင်တာမှ မဟုတ်ဘဲ။

လူတစ်ယောက် သေတော့မယ်ဆိုရင် မသေခင်မှီ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတာ ပေါ်လာတာ၊ စုတိစိတ် ကျလိုက်တာနဲ့ တစ်ပြိုင်နက် ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံအားလျော်စွာ ကံတရားက နောက်ဘဝတစ်ခုကို ချက်ချင်းဖန်တီးပေးလိုက်တာ၊ စုတိပြီး ပဋိသန္ဓေ ချက်ချင်းရောက်သွားတာ၊ ဘဝတစ်ခုကို ချက်ချင်း ရောက်သွားတာ၊ အဲဒီလို ချက်ချင်းရောက်သွားတာ

ဘယ်လိုလုပ် လမ်းပျောက်ပါ့မတုန်း၊ သူ့လမ်းသူ ဖြောင့်နေတာပဲ၊ သူသွားရမယ့်လမ်းတွေက ရှိတယ်လေ၊ အကုသိုလ်လုပ်လို့ရှိရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံလမ်းက ဖြောင့်နေတာပဲ၊ လမ်းမှားစရာလည်း မရှိဘူး၊ အဲဒီလမ်းကြီးက ဖွင့်နေတာပဲ လမ်းသွယ် လမ်းမြောင်တွေလည်း မရှိဘူး၊ သွားတဲ့လူတွေက အလွန်များတယ်၊ အဲဒီလို ဖြောင့်တန်းနေတဲ့လမ်းကြီးမှာ ဒီဝိညာဉ်လေးဟာ လမ်းပျောက်သွားမယ်ဆိုတာ စိုးရိမ်စရာမရှိဘူးပေါ့။

တကယ်ကတော့ မြန်မာလူမျိုးတွေထဲမှာလည်းပဲ သံသယရှိသူတွေ ရှိတယ်ပေါ့။ ဆိုပါစို့ - လူတစ်ယောက်က ကိုယ့်ရဲ့ဆွေမျိုးသားချင်းထဲက ဝေးလံတဲ့အရပ်ဒေသမှာ သူက သေဆုံးသွားတယ်၊ ဒီက အဝေးမှာနေတဲ့

ဆွေမျိုးက မသိသေးဘူး၊ သူသေသွားကြောင်း သတင်းမရသေးခင်မှာ သူလာတယ်လို့ အိပ်မက် မက်တာတို့ သူ့ကို လမ်းမှာတွေ့ခဲ့တယ်လို့ ပြောတာတို့ ဒါမျိုးတွေဟာ ဒီကနေ့ခေတ်မှာလည်း ကြားနေရတယ် ပေါ့၊ အဲဒီလိုဖြစ်တာဟာ ဘာကြောင့်လဲလို့ဆိုလို့ရှိရင် သူဟာ သေဆုံးသွားပြီးတော့ တန်ခိုးကြီးဒိဗ္ဗပါဒ်များစွာ မရှိတဲ့ ဘုမ္မစိုးနတ် (သို့မဟုတ်) ပြိတ္တာ တစ်ခုခုဖြစ်သွား တယ်၊ ဖြစ်သွားသည့်အတွက်ကြောင့် သူတွယ်တာတဲ့ သံယောဇဉ်ရှိတဲ့ပုဂ္ဂိုလ်ကို လာပြတာ၊ အဲဒီတော့ သူမသေသေးခင် လာပြီးတော့ပြတယ်လို့ ဒီကလူတွေက ယူဆတယ်၊ မဟုတ်ဘူး၊ သေပြီးလို့ သူပြိတ္တာဖြစ်တာ၊ ပြိတ္တာဖြစ်တယ်ဆိုတာ မွေးနေရတာ မဟုတ်ဘူး၊ ချက်ချင်းဖြစ်သွားတာ၊ ချက်ချင်းရောက်နိုင်တဲ့ဘဝမျိုး၊

အဲဒါကြောင့်မို့လို့ သူ့ကို မြင်လိုက်တယ်တို့ တွေ့လိုက်တယ်တို့ ဖြစ်လာတာ။

လောကလူတွေက ပကတိမျက်စိနဲ့ မမြင်ရသည့်အတွက်ကြောင့် ဝိညာဉ်လောကလို့ ပြောနေကြတာ၊ လူသားတွေရဲ့မျက်စိအောက်မှာ ပေါ်ထင်လာခြင်း မရှိဘူး၊ သူတို့ရဲ့ဘဝ သူတို့ရဲ့ရုပ်ခန္ဓာဟာ သူတို့ကိုယ်တိုင်က ပြတဲ့အခါမှာသာ ပေါ်ထင်လာတယ်၊ အဲဒီလိုလောကမှာ ယုံမှားသံသယ ဖြစ်ပေါ်စရာတွေ များစွာ ဖြစ်ပေါ်လာတတ်တယ်။

ဒါကြောင့်မို့လို့ ဒါတွေကို အခြေအမြစ်ကနေ သိဖို့အတွက် ဗုဒ္ဓမြတ်စွာရဲ့ တရားဓမ္မကို သင်ယူကြရတယ်၊ လေ့လာကြရတယ်၊ မှတ်သားကြရတယ်၊ အဲဒီလို မှတ်သားထားလို့ရှိရင် ဒီလိုအဖြစ်အပျက်တွေနဲ့

ပတ်သက်ပြီးတော့ အဖြေထုတ်နိုင်တယ်ပေါ့၊ သံသယတွေနဲ့ ဟိုလိုဟုတ်ပါ့မလား၊ ဒီလိုဟုတ်ပါ့မလားဆိုတဲ့ယုံမှားတွေးတောစရာတွေနဲ့ စခန်းမသွားရတော့ဘူးပေါ့၊ ဒါကြောင့်မို့လို့ တရားဓမ္မကို သင်ယူလေ့လာဖို့ အင်မတန်မှ အရေးကြီးတယ်။

မိမိကျင့်တဲ့တရားဟာ စာပေကျမ်းဂန်နဲ့ ညီရဲ့လားသိရအောင် ထိုက်သင့်သလောက် တတ်သိတဲ့ပုဂ္ဂိုလ်ထံသင်ရတယ်။ လူတွေအနေနဲ့ ပြောမယ်ဆိုရင် တို့ကစာသင်တာမဟုတ်ဘူးလို့ တွေးမိကောင်းတွေးမိလိမ့်မယ်ကမ္မဋ္ဌာန်းတရား အားထုတ်ပြီဆိုလို့ရှိရင် အားထုတ်ပုံအားထုတ်နည်းတို့ အားထုတ်လို့ ရလာမယ့် အကျိုးတရားတို့ ဒါတွေကို မှတ်သားတာ ဒါသင်တာပဲပေါ့၊ သီလဆိုလည်း ငါးပါးသီလ ရှစ်ပါးသီလ ဒီလိုမှတ်သား

တာ, ဒါ သင်တာပဲပေါ့။ အဲဒီလို သင်ကြားမှုဆိုတာ ရှိရတာချည်းပဲ၊ သင်ကြားမှုမပါဘဲနဲ့ ကျင့်သုံးမှုဆိုတာ မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့လို့ ရှေးဦးစွာ နာယူမှတ်သားတဲ့ သုတမယဉာဏ်ကို အရင်ဆည်းပူး အားထုတ်ကြရပြီး ထို သုတမယဉာဏ်ကို အဆင့်မြှင့်တဲ့အနေနဲ့ ဘာဝနာမယဉာဏ်ကို ဖြစ်စေရတယ်။ လက်တွေ့ ကျင့်သုံးကြည့်တဲ့အခါမှာ မှန်ကန်တဲ့ တရားထူးတရား မြတ်တွေကို မိမိတို့ရရှိနိုင်တယ်၊ သာသနာတော်မြတ်ကြီး မှာ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာလို့ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ တပည့်ပရိသတ်တွေဟာ လက်တွဲညီညီ သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း

မရှိဘူးဆိုရင် တစ်နေ့ကျ ကွယ်ပခြင်းငါးမျိုးနဲ့ ကွယ်သွားမှာပဲ။

ဒီတော့ သာသနာရှည်ကြာအောင် မိမိတို့ရဲ့ စွမ်းဆောင်မှုဟာ အင်မတန်ကြီးမားတဲ့ ကုသိုလ်တရားတစ်ခုပဲ၊ မိမိတို့စွမ်းဆောင်ချက်ကြောင့် အနှစ် ၁၀၀-ပိုသွားတယ်၊ အနှစ် ၅၀- ပိုသွားတယ်၊ အနှစ် ၂၅-နှစ်ပိုသွားတယ်ဆိုရင် နည်းတဲ့ ကုသိုလ်ကောင်းမှု မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ မိမိတို့လက်လှမ်းမီသမျှ မိမိတို့သန္တာန်မှာ သာသနာတည်အောင် တခြားပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာလည်း သာသနာတည်အောင် ကျဖို့ကြံကြီးကုတ် အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ စာပေကျမ်းဂန်ကိုအလွယ်တကူနဲ့ အပင်ပန်းမရှိအောင် သင်ယူနိုင်အောင်

ဆိုတဲ့ ကြီးမားတဲ့ မျှော်လင့်ချက်နဲ့ ထောက်ပံ့ကြရတယ်၊ လှူဒါန်းကြရတယ်၊ အားပေးကြရတယ်။

## "ကွယ်ပခြင်း ၅-မျိုး"

မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်တွေထဲမယ် ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရလာတဲ့ အဆင့်မြင့်ဆုံး မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တို့ အဘိညာဏ် ၆-ပါးတို့ ပဋိသမ္ဘိဒါ ၄-ပါးတို့ ဝိဇ္ဇာ ၃-ပါးတို့ဆိုတာ ဒါ အဓိဂမ၊ မျက်မှောက်ပြုရတဲ့ တရားထူး တရားမြတ်တွေ၊ အဲဒီ မျက်မှောက်ပြုရမယ့် တရားထူး တရားမြတ်တွေဟာ မြတ်စွာဘုရားလက်ထက်မှာ ကတည်းက တဖြည်းဖြည်း လျော့ကျလာတယ်။

ဘုရားလက်ထက်အစမှာဆိုရင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာတွေ ပဋိသမ္ဘိဒါဉာဏ် ၄-ပါးနဲ့ ထူးခြားတဲ့ ရဟန္တာ ပုဂ္ဂိုလ်တွေ မြောက်မြားစွာ ပေါ်ထွန်းခဲ့သော်လည်း အခု ရှင်မဟာကဿပလျှောက်သလိုပဲ သိက္ခာပုဒ်တွေ စည်းမျဉ်းစည်းကမ်းတွေကသာ များလာတယ်၊ တရားထူး ရတဲ့ပုဂ္ဂိုလ်တွေက နည်းလာတယ်။ နောက်ပိုင်းကျတော့ လျော့ကျလာတာ၊ နောက်ဆုံးမှာ ရဟန္တာ ဖြစ်တာ တောင်မှပဲ ဂုဏ်ထူးဝိသေသမပါတဲ့ ကိလေသာကုန်ရုံ ပညာဝိမုတ္တရဟန္တာ အဆင့်မျိုး ဖြစ်သွားတယ်၊ အဲဒီလို အဓိဂမဟာ တဖြည်းဖြည်း လျော့ကျလာပြီးတော့ နောက်ဆုံး သောတာပန်ဖြစ်ဖို့ရာပဲ ခဲယဉ်းလာပြီးတော့ နောက်ဆုံးသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဘဝ အဆုံးသတ်

သွားတာနဲ့ တစ်ပြိုင်နက် နောက်ထပ်အဓိဂမဆိုတာ ရရှိဖို့အင်မတန်ခဲယဉ်းသွားပြီ။

မြတ်စွာဘုရားရဲ့ သာသနာတော်မှာ **အဓိဂမ အန္တရဓာနဆိုတဲ့ "အဓိဂမ"** က စတင်ပြီးတော့ ကွယ်မှာပဲ ဒါကြောင့်မို့ ဒီကနေ့ခေတ်မှာ ရဟန္တာပုဂ္ဂိုလ်တို့ သောတာပန်တို့သကဒါဂါမ်ဆိုတာ အင်မတန် ရှားမှရှား ဖြစ်လာတယ်၊ အဲဒီလို ရှားမှရှားဖြစ်တာကို အကြောင်း ပြုပြီးတော့ အတုအယောင်ကလည်းပဲ ပေါ်လာတာပဲ ပေါ့။ အဓိဂမဆိုတာ ထိန်းသိမ်းမရလောက်အောင် ပျောက်ကွယ်လာတဲ့ အနေအထားမျိုးမှာ ရှိလာတယ်။

အဲဒီ အဓိဂမအန္တရဓာန ဖြစ်ပြီးရင် ဘာလာလဲလို့ ဆိုရင် ပဋိပတ္တိအန္တရဓာန ဆိုတာ လာတယ်၊ ကိုယ်ကျင့် တရားနဲ့ ပတ်သက်ပြီးတော့လည်း လျော့ကျလာတယ်၊

ကိုယ်ကျင့်တရားတွေ တဖြည်းဖြည်း တဖြည်းဖြည်း လျော့ကျလာတယ်၊ ဘုန်းကြီးပိုင်းကလည်း ကိုယ်ကျင့်တရားတွေ လျော့လာတယ်၊ လူတွေအပိုင်းကလည်းပဲ ကိုယ်ကျင့်တရားတွေ လျော့ကျလာတယ်၊ နောက်ဆုံးမှာ ကိုယ်ကျင့်သီလဟာ လူတွေ စောင့်ထိန်းရမယ့် ငါးပါးသီလကနေ နောက် တစ်ပါးလောက်ပဲ ကျန်တဲ့အဆင့်၊ နောက်ဆုံး တစ်ပါးမှမကျန်တဲ့အဆင့်၊ ကိုယ်ကျင့်သီလဟာ လုံးဝ ပျောက်ကွယ်သွားပြီ ဆိုလို့ရှိရင် ဒါ ပဋိပတ္တိအန္တရဓာန ပဲ၊ ကိုယ့်ကျင့်တရား ပျောက်ကွယ်သွားပြီ။ တစ်နေ့ကျတော့ ဒီလိုပျောက်ကွယ်သွားမှာ ဖြစ်တယ်။

ဘာကျန်နေသေးတုန်းဆိုတော့ ပရိယတ္တိလို့ဆိုတဲ့ သင်ရမယ့် စာပေကျမ်းဂန် တွေဟာ ကျန်ရှိနေတတ်

သေးတယ်၊ အဲဒီသင်ရတဲ့ စာပေကျမ်းဂန်တွေဟာ အခုနောက်ပိုင်းခေတ်မှာ စာအုပ်နဲ့ ပေပုရပိုက်နဲ့ မှတ်တမ်းတင်ထားတာ ဖြစ်တယ်၊ စာအုပ်အနေနဲ့ ကျန်လာရာကနေပြီး စာအုပ်ထဲကနေ တဖြည်းဖြည်း အဓိပ္ပါယ်မဖော်နိုင်တဲ့ စာပေတွေ အဖြစ် ရောက်ရှိလာတယ်၊ မြန်မာစကားနဲ့ ပြောမယ်ဆိုရင်တော့ "ကျမ်းအိပ်" ဖြစ်တာပေါ့၊ နိုးထခြင်း မရှိဘဲနဲ့ အိပ်ပျော်နေတဲ့ ကျမ်းစာတွေက များတယ်၊ သင်တဲ့လူ မရှိဘူး၊ ဖတ်တဲ့လူ မရှိဘူး၊ စာအုပ်တွေ ဗီရိုထဲမှာပဲ ဒီတိုင်းပဲ၊ တစ်နှစ်လာလည်း မဖွင့်တဲ့စာအုပ်၊ အဲဒီအနေအထားမျိုး ရောက်လာလို့ရှိရင် သင်ယူရတဲ့ ပရိယတ္တိဟာ တဖြည်းဖြည်း ကွယ်ပလာတယ်လို့ ဒီလိုဆိုတယ်။

အဋ္ဌကထာမှာ ဘယ်ကျမ်းက စကွယ်မယ်ဆိုတာ ရေးသားထားတယ် ဒါကတော့ အခက်ဆုံးဖြစ်လို့ပြောတဲ့ သဘောလောက်ပါပဲ၊ ပဋ္ဌာန်းကျမ်းကြီးကစပြီးတော့ ကွယ်မယ်တဲ့၊ ကွယ်တယ်ဆိုတာ ပဋ္ဌာန်းတော့ ရွတ်နေကြမှာပဲ၊ သို့သော် ပဋ္ဌာန်းရဲ့အဓိပ္ပါယ် မသိဘူး ဆိုရင် ဒါ တစ်ပိုင်းကွယ်သွားပြီလို့ ပြောရမှာပဲ၊ အဓိပ္ပါယ် မသိရင် အသံပဲ ကျန်တော့တယ်၊ ဒီအသံကတော့ တော်တော်ကြာအောင် ကျန်ချင် ကျန်နေဦးမှာပဲပေါ့၊ အဓိပ္ပါယ်သိရှိနိုင်စွမ်း မရှိလို့ရှိရင် တဖြည်းဖြည်း ကွယ်သွားတာပဲ၊ အဲဒီကနေ နောက်ဆုံး မှန်ကန်အောင် ဖတ်နိုင်စွမ်း မရှိလို့ အဓိပ္ပါယ်ဖော်နိုင်စွမ်းမရှိရင် မှားမှားယွင်းယွင်းတွေ အကုန်ဖြစ်ပြီး စာအုပ်စာပေပင် ရှိလင့်ကစား ဒီစာပေတွေဟာ တဖြည်းဖြည်းနဲ့

ကွယ်ပသွားတယ်၊ နောက်ဆုံးကျတော့ ပရိယတ္တိ အန္တရဓာန ဖြစ်တယ်။ ဂါထာလေးတစ်ပုဒ်တောင် ဟောမယ့် ပြောမယ့် နှုတ်တတ်ရတဲ့ပုဂ္ဂိုလ်တောင် မရှိတော့ဘူးဆိုလို့ရှိရင် ပရိယတ္တိအန္တရဓာန အဆုံးစွန် ရောက်သွားပြီလို့ ပြောရမယ်။

ရှေးတုန်းက အင်မတန်မှ သဒ္ဓါတရားထက်သန်လို့ မြတ်စွာဘုရားဟောတဲ့ တရားတစ်ပုဒ်လောက် ဟောနိုင်မယ်ဆိုလို့ရှိရင် ရွှေဒင်္ဂါးတစ်ထောင် ပေးမယ်လို့ ရွှေဒင်္ဂါးထုပ်ကြီးကို ဆင်ပေါ် တင်ပြီးတော့ လှည့်လည်ကြော်ငြာတောင်မှပဲ ဟောပြောနိုင်တဲ့ပုဂ္ဂိုလ် မရဘူးဆိုရင် ဒါ သာသနာကွယ်တယ်လို့ အဋ္ဌကထာမှာ ဒီလိုဆိုထားတယ်၊ ပရိယတ္တိသာသနာကွယ်တယ်၊ ဒီကနေ့ခေတ်နဲ့ ကြည့်မယ်ဆိုရင်တော့ ဆင်နဲ့လှည့်မှာ မဟုတ်ပါဘူးနော်၊

ကားနဲ့လှည့်လည်ပြီးတော့ ပြောမှာပါ၊ ကြည့်ရတာ အဲဒီလို လှည့်အော်တောင်မှပဲ ဘုရားဟောတဲ့ ဂါထာ လေးတစ်ပုဒ်ကို ဟောပြောနိုင်မယ့်ပုဂ္ဂိုလ်ဟာ ရှာတွေ့ နိုင်မယ့် အနေအထား မရှိတော့ဘူးတဲ့၊ အဲဒီအချိန်ကျရင် ပရိယတ္တိအန္တရဓာန ဆိုတာ ဖြစ်ပေါ်လာပြီ။

ပရိယတ္တိမကွယ်သေးသမျှတော့ ပဋိပတ္တိလည်း ကွယ်တယ်လို့ ပြောလို့မရဘူး၊ ပဋိဝေဓလည်း ကွယ်တယ်လို့ ပြောလို့မရဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် စာတွေရှိနေသေးရင် ထိုစာရဲ့အဓိပ္ပါယ်ကို ဖော်ဆောင်ပြီး လက်တွေ့လိုက်နာ ကျင့်သုံးမယ်၊ လက်တွေ့လိုက်နာ ကျင့်သုံးလို့ရှိရင် ရရှိလာတဲ့အကျိုးတရားဆိုတာ ဖြစ်ပေါ်လာမယ်၊ မျှော်လင့်ချက်တွေ ရှိတာပေါ့။

အကိုးဆက်အနေနဲ့ အဲဒီလို ပရိယတ္တိအန္တရဓာန တတိယမြောက်ကွယ်ခြင်းပြီးတဲ့အခါမှာ ဘာကျန်တော့ တုန်းဆိုရင် အသွင်သဏ္ဌာန်လေးတွေ ကျန်တယ်၊ ရဟန်းသံဃာတွေနဲ့ ရည်ညွှန်းပြီးတော့ ပြောတာ။ အဲဒါကတော့ လိင်္ဂအန္တရဓာန၊ ကျန်နေတဲ့ ရဟန်း အသွင်လေးဟာ တဖြည်းဖြည်း ပျောက်ကွယ်သွားမယ် တဲ့။

အဲဒါ အခုစဉ်းစားကြည့်မယ်ဆိုရင် ရဟန်းအသွင် ပျောက်ကွယ်တယ်ဆိုတာ အခု သာသနာတော်မှာ မြတ်စွာဘုရားရဲ့ တပည့်သားလို့ ခံယူထားကြတဲ့ ဂိုဏ်း ၂-ဂိုဏ်းပဲ ကြည့်လိုက်ဦး၊ ထေရဝါဒသာသနာနဲ့ မဟာယာနသာသနာလို့ ၂-မျိုးရှိတဲ့ အထဲမယ် ထေရဝါဒသာသနာရဲ့ အဝတ်အစားက ဘုရား

လက်ထက်က အဝတ်အစားမျိုး ဝတ်တယ်၊ အသွင် သဏ္ဌာန် ရှိနေသေးတယ်လို့ ပြောရမယ်၊ မဟာယာန တွေကျတော့ အသွင်သဏ္ဌာန် ပြောင်းလိုက်ပြီ၊ ဘောင်းဘီရှည်နဲ့၊ အကျီနဲ့၊ သို့သော် ကတုံးတော့ တုံးထားသေးတယ်၊ ဘုန်းကြီးတို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှာ မဟာယာန ဘုန်းကြီး သီလရှင်တွေ စာလာသင်တယ်၊ ထေရဝါဒ ကျမ်းစာတွေကို သင်ကြတယ်၊ သို့သော် သူတို့ရဲ့အသွင် သဏ္ဌာန်က ဘုန်းကြီးအသွင်သဏ္ဌာန်တွေ မဟုတ်တော့ ဘူး၊ ပြောင်းလဲထားတဲ့ အသွင်သဏ္ဌာန်တွေ ဖြစ်နေ တယ်၊ မြန်မာနိုင်ငံမှာတောင် အသွင်ပြောင်းထား တာတွေ ရှိတယ်လေ။

သာသနာကွယ်တယ်ဆိုတာ ဝုန်းကနဲ ကွယ်သွားတာ မဟုတ်ဘူး၊ တစ်စတစ်စ ကွယ်လာတာ၊ ကြည့် - အရောင်တဖြည်းဖြည်း ပြောင်းလာတယ်။ ဟုတ်လား အညိုရောင်ကနေပြီးတော့ အပြာရောင်ဝတ်တာတို့ ဒါမျိုးတွေ ဖြစ်လာတယ်။ ဒါ **လိင်္ဂအန္တရဓာန** အသွင်ပျောက်လာတဲ့ သဘောပဲပေါ့။

ဒီကနေ့ခေတ်မှာ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားတဲ့ တရုတ်ပြည်တို့ ဂျပန်ပြည်တို့ ကိုရီးယားပြည်တို့မှာ ကြည့်လိုက်မယ်ဆိုရင် အသွင်သဏ္ဌာန်တွေက ထေရဝါဒအသွင်သဏ္ဌာန်တွေ လုံးဝပျောက်ကွယ်သွားပြီ လိင်္ဂအန္တရဓာနဟာ ဒေသဆိုင်ရာ ပျောက်ကွယ်လာတယ်လို့ ဒီလိုပြောရမှာပေါ့၊ ထေရဝါဒနိုင်ငံတွေမှာ လိင်္ဂအန္တရဓာန မဖြစ်သေး သော်လည်း

ကမ္ဘာရဲ့အချို့ဒေသတွေမှာ လိင်အန္တရာယ်ဖြစ်လာပြီ သူတို့လည်း ဘုရားတပည့်ပဲ၊ သို့သော် လိင်အန္တရာယ် အနေနဲ့ ပျောက်ကွယ်လာပြီ။

ဘုန်းကြီးတို့ကြုံတွေ့ဖူးတဲ့ မဟာယာနဘုန်းကြီး တစ်ပါးဆိုလို့ရှိရင် သူက ဘောင်းဘီရှည်နဲ့ အင်္ကျီနဲ့ ဘိုကေနဲ့ နက်ကတိုင်နဲ့ သီရိလင်္ကာနိုင်ငံလာပြီးတော့ သင်တန်းပို့ချတာ၊ ဘုန်းကြီးတို့က သာမန်လူပုဂ္ဂိုလ်လို့ အောက်မေ့တာ၊ သို့သော် သူတို့ရဲ့လိပ်စာ ကဒ်ကလေး ကြည့်လိုက်တဲ့အခါ သူက Reverent ဆိုတာပါတယ်၊ သူက ဇင်ဘုန်းကြီး၊ ဇင်ဘုန်းကြီးက ဒီကနေ့ မြန်မာ နိုင်ငံမှာ နေကြတဲ့ ဒကာတွေ ဝတ်ဆင်တဲ့အတိုင်းပဲ ဝတ်ဆင်ထားတာ၊ အိမ်ထောင်လည်း ရှိတယ်၊ ဒါပေ မယ့် သူက ဘုန်းကြီးတဲ့နော်၊ အဲဒါဟာ သာသနာရဲ့

အသွင်ကွယ်နေလို့ လိင်္ဂအန္တရဓာန ဖြစ်နေပြီ ကွယ်ပခြင်းထဲက ဒီလိုကွယ်ပခြင်းတွေက နောင်တချိန်ကျတော့ များပြားလာလိမ့်မယ်။

ဘုန်းကြီးတို့ နီပေါနိုင်ငံရောက်တုန်းက ကာဌ်မန္ဒူမြို့နဲ့ မြစ်ကလေးပဲခြားတဲ့ မြို့တစ်မြို့ ရှိတယ်၊ ပါတန်းမြို့လို့ ခေါ်တယ်၊ အဲဒီမြို့ကိုသွားပြီး လည်ပတ်တဲ့အခါ ဘာတွေ သတိထားမိတုန်းဆိုတော့ အိမ်ဝိုင်းတွေရဲ့ အလည်ခေါင်မှာ စေတီတွေရှိတာကို သတိထားမိတယ်။ "ဘာဖြစ်လို့ စေတီတွေ အိမ်ကြိုအိမ်ကြားမှာ တည်ထားသလဲ" လို့မေးတော့ "အခုမှ အိမ်ကြိုအိမ်ကြားဖြစ်တာတဲ့၊ ဟိုရှေးတုန်းက ဝဇိရယာန ဘုန်းကြီးတွေရဲ့ ကျောင်းတွေတဲ့" ဘုန်းကြီးကျောင်းရဲ့ အလည်ခေါင်မှာ စေတီတည်ထားပြီး ဘေးကပတ်ပြီးတော့ တန်းလျားကျောင်းတွေ

ဆောက်ထားတာ၊ အထဲမှာ ဘုရားတွေ စေတီတွေနဲ့။ အခုကျတော့ အဲဒီဘုန်းကြီးတွေက လူထွက်ပြီး အိမ်ထောင်သားမွေး လုပ်တဲ့အခါ အိမ်တွေဖြစ်သွားတာ တဲ့နော်၊ အဲဒါဟာလည်းပဲ လိင်္ဂတ္ထရဓာနပဲ၊ အသွင် ကွယ်သွားတာ၊ ဒါ ဒီကနေ့ခေတ်ထိအောင် ရှိတယ်။

နီပေါနိုင်ငံမှာက အင်မတန်မှအေးတဲ့ဒေသမှာ ဖြစ်တော့ သူတို့နိုင်ငံမှာ မီးဘေးသိပ်ရှိပုံ မပေါ်ဘူး၊ ဒါကြောင့်မို့လို့ သစ်သားနဲ့ ဆောက်ထားတဲ့ အင်မတန်မှ ရှေးကျတဲ့ အဆောက်အဦးတွေကို တွေ့ရတယ်၊ ကာဌ်မန္ဒူဆိုတဲ့ နာမည်ကိုက ကဋ္ဌမန္ဒိရ၊ မှာ မန္ဒိရ ဆိုတာ အဆောက်အဦးပဲ၊ အိမ်တို့နန်းတော်တို့ကို မန္ဒိရလို့ ခေါ်တာ၊ ကဋ္ဌဆိုတာ သစ်သား၊ မန္ဒိရက အဆောက် အအုံ၊ အိမ်ပေါ့၊ သစ်သားအိမ်လို့ အဓိပ္ပါယ်ရတဲ့

စကားလုံး၊ အဲဒီမှာ အင်မတန်မှကြီးမားတဲ့ သစ်သားနဲ့ ဆောက်လုပ်ထားတဲ့ နန်းတော်ကြီးတွေ ရှိတယ်၊ ဒါကြောင့်မို့ အဲဒီမြို့ကို ကာဌမန္ဒုမြို့လို့ခေါ် ရာကနေပြီး ဒီကနေ့ခေတ်တော့ ကာဌ်မန္ဒူ လို့ ခေါ်နေကြတယ်၊ နီပေါနိုင်ငံရဲ့ မြို့တော်ပဲ၊ အဲဒီကာဌ်မန္ဒူကို သွားကြည့်မယ် ဆိုရင်တော့ သစ်သားနဲ့ဆောက်ထားတဲ့ နန်းတော်ကြီး တွေဟာ ဒီကနေ့ထိအောင် ရှိတယ်ပေါ့။

အဲဒီမှာကြည့်ခဲ့ရ တွေ့ခဲ့ရတာတွေကို သံဝေဂ ယူမယ်ဆိုလို့ရှိရင် တစ်ချိန်တုန်းက ရဟန်းတော်တွေ သံဃာတော်တွေ သီတင်းသုံးတဲ့ ကျောင်းတွေဟာ ဒီကနေ့ အိမ်တွေ ဖြစ်သွားပြီ အလည်ခေါင် တည်ထား တဲ့စေတီပုထိုးတွေဟာ အိမ်ကြီးအိမ်ကြားမှာ ကျန်နေ သေးတယ်၊ အဆောက်အအုံတွေက ဘုန်းကြီး ကျောင်း

မဟုတ်တော့ဘူး၊ အိမ်ဖြစ်သွားပြီ၊ လူတွေရဲ့အသွင် သဏ္ဌာန်ကလည်းပဲ ပြောင်းသွားပြီ။ အိမ်ထောင် သားမွေးလုပ်ပြီး လူဝတ်ကြောင်တွေ ဝတ်ထားကြပြီ။ ဒါ လိင်္ဂအန္တရဓာန အသွင်ပျောက်ကွယ်ခြင်းလို့ ဒီလိုပြောရ မယ်။

အဋ္ဌကထာမှာရေးထားတဲ့ စကားဝါကျလေး တစ်ခုက “တဖြည်းဖြည်းနဲ့ ဟောဒီဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်း ကို ချွတ်ပစ်လာကြတယ်၊ (ခေတ်မီတဲ့ ဒီဇိုင်းသစ်နဲ့ အဝတ်တွေ လဲဝတ်လာကြတယ်၊) နောက်ဆုံး ဘာသာရေးကိစ္စ ဆောင်ရွက်တဲ့အချိန်မှာ အပေါ်က သင်္ကန်းလေးပတ်လိုက်တယ်”၊ အခု မဟာယာနတွေ အဲဒီအတိုင်းပဲ လုပ်နေပြီ။ သင်္ကန်းလေး အပေါ်က သင်္ကန်းရောင်အဝတ်ကလေး ပတ်လိုက်ပြီး

ဘာသာရေးကိစ္စ ဆောင်ရွက်ပေးကြတယ်၊ နောက်ကျတော့ အဲဒီအဝတ်ကြီးတောင်မှပဲ ရှုတ်ပါတယ်ဆိုပြီး လည်ပင်းမှာ သင်္ကန်းရောင်အဝတ်ပိုင်းကလေးကို စည်းထားကြလိမ့်မည်။ ရဟန်းသံဃာရဲ့အကျင့် လုံးဝ မရှိတော့ဘူး။ သင်္ကန်းအရောင်ရှိတဲ့ အဝတ်ကလေးကို လည်ပင်းစီးထားတဲ့ ပုဂ္ဂိုလ်တွေကို ဂေါတြဘူ ကာသာဝ ကဏ္ဍ ရဟန်းလို့ခေါ်တယ်။

မြတ်စွာဘုရားက ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဘယ်လိုဟောထားတာ ရှိတယ်။ “နောင်တစ်ချိန်ကျလို့ ရှိရင်တဲ့ တကယ့်အနွယ်စစ်ကို ဖျက်ဆီးတတ်တဲ့ (သို့မဟုတ်) အနွယ်သစ်တစ်မျိုးကို ဖြစ်ပေါ်လာစေပြီး လည်ပင်းမှာ သင်္ကန်းအစလေးကို ချည်ထားတဲ့ အကျင့်ပျက်တဲ့ ပုဂ္ဂိုလ်တွေ သာသနာတော်မှာ

ပေါ်လာလိမ့်မယ်တဲ့၊ အဲဒီအကျင့်ပျက်တဲ့ပုဂ္ဂိုလ်တွေကိုပဲ လှူဒါန်းပြီး အရိယာသံဃာတွေကို မျှော်မှန်း နိုင်မယ်ဆိုရင် အလှူဒါနဟာ သံဃဂတဒက္ခိဏာ သံဃိယဒါန ဖြစ်သေးတယ်” လို့ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဒီလိုဟောထားတာ ရှိတယ်။

ပုဂ္ဂိုလ်လှူရင်တော့ အကျိုးမရှိဘူးလို့ မြတ်စွာဘုရားဆိုလိုရင်းပဲ၊ သံဃာကို ရည်မှန်းမယ်ဆိုရင် သူတို့ဟာ သံဃာရဲ့ အနွယ်အဆက်တွေ၊ သို့သော် ပုဂ္ဂိုလ်အနေနဲ့ ကြည့်မယ်ဆိုရင် ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သွားပြီ၊ သံဃာကို ရည်စူးပြီး လှူနိုင်လို့ရှိရင်တော့ သံဃဒါန ကုသိုလ် ရသေးတယ်လို့ ဟောလိုရင်းပဲ။

နောင်တစ်ခေတ်မှာ ဒီလိုအသွင်တွေ အမျိုးမျိုး ပြောင်းပြီးတော့ ရဟန်းအသွင် ပျောက်ကွယ်သွားခြင်းကို လိင်္ဂအန္တရဓာနလို့ ခေါ်တယ်ပေါ့။ သာသနာကွယ်တဲ့ နေ့တစ်နေ့မှာ ဖြစ်မယ်။

နောက်ဆုံးကွယ်ပခြင်းတစ်မျိုးက ဘာလဲဆိုရင် ဓာတုအန္တရဓာနတဲ့၊ ဓာတ်တော်တွေ ကွယ်ပျောက်ခြင်း ဖြစ်တယ်၊ မြတ်စွာဘုရားရဲ့ ဓာတ်တော်မွေတော် တွေဆိုတာ စေတီပုထိုးတွေထဲမှာ ကိန်းဝပ် နေကြတယ်၊ တချို့မှာ ပူဇော်တဲ့ပုဂ္ဂိုလ်တွေ ရှိသော်လည်း တချို့ကျ တော့ စေတီပျက်တွေ ဖြစ်ပြီးတော့ ချုံတွေဖုံးလို့ ပူဇော် မယ့်သူ မရှိတဲ့နေရာတွေ ရောက်သွားတာတွေလည်း ရှိတယ်၊ နောက်ဆုံး တစ်နေ့ကျတော့ ဘုရားဓာတ်တော် တွေ ဘုရားပုထိုးတွေ ရှိခိုးတဲ့ပုဂ္ဂိုလ်တွေ လုံးဝ မရှိ

တော့ဘူး။ အဲဒီနောက်ဆုံးနေ့ ရောက်လာတဲ့အခါမှာ ဓာတုအန္တရဓာန ဓာတ်တော်တွေ ကွယ်ခြင်းဆိုတဲ့ အချိန်ဟာ ရောက်လာဦးမယ်တဲ့။

အဲဒီလိုရောက်လာတဲ့အခါမှာ စေတီပုထိုးတွေ အမျိုးမျိုး ဒေသအနှံ့အပြား တည်ထောင်ထားကြတဲ့ စေတီ ပုထိုးတွေ၊ အဲဒီစေတီပုထိုးတွေထဲမှာရှိတဲ့ မြတ်စွာဘုရားရဲ့ ဓာတ်တော်တွေဟာ အကုန်လုံး သီဟိုဠ်ကျွန်းက မဟာစေတီသို့ အကုန်ကြွကြလိမ့်မယ်တဲ့၊ မဟာစေတီကနေပြီးတော့ နာဂဒီပမှာရှိတဲ့ ရာဇာယတန စေတီကိုကြွ၊ အဲဒီကနေပြီးတော့ ဗုဒ္ဓဂယာ မဟာဗောဓိပင်အနီးမှာ အားလုံးဓာတ်တော်တွေ စုဝေးကြလိမ့်မယ်တဲ့၊ နောက်ဆုံးအချိန် ဗုဒ္ဓဂယာမှာ ဓာတ်တော်တွေဟာ နှမ်းစေ့လေးလောက် အငယ်ဆုံးဓာတ်တော်လေးပဲ

ဖြစ်စေ မြတ်စွာဘုရားရဲ့ ဓာတ်တော်မွေ တော်တွေဟာ ပျက်ဆီးသွားတယ်လို့ မရှိဘူးတဲ့၊ ကြားမှာ၊ အားလုံး အဲဒီနောက်ဆုံးနေ့မှာ ဗုဒ္ဓဂယာ မဟာဗောဓိပင်မှာ စုရုံးကြလိမ့်မယ်။

စုရုံးကြပြီး အဲဒီဓာတ်တော်တွေဟာ တစ်ဆူနဲ့ တစ်ဆူ ပူးတွဲသွားပြီး မြတ်စွာဘုရားရဲ့ အသွင် သဏ္ဌာန်ကြီး ပြန်ပေါ်လာမယ်တဲ့၊ ရုပ်ပုံလွှာကြီး ပြန်ပေါ်လာပြီး တန်ခိုးပြာဋိဟာအမျိုးမျိုး ပြလိမ့်မယ်တဲ့၊ အဲဒီဓာတ်တော်တွေ တန်ခိုးပြာဋိဟာပြတဲ့ပွဲကို လူသား တွေအနေနဲ့ မရောက်နိုင်ဘူးလို့ ဆိုတယ်၊ လူသားတွေ အနေနဲ့ မရောက်ဘူးလို့ဆိုသဖြင့် ဒီကနေ့ ဗုဒ္ဓဂယာမှာ ကြက်ပျံမကျ လူတွေစည်ကားနေသော်လည်း ဓာတ် တော်တွေ ကွယ်တဲ့အချိန်မှာ အဲဒီနေရာ လူမရှိတော့

ဘူးလို့ ပြောရမယ့်အဓိပ္ပါယ်မျိုး ရောက်တယ်ပေ့၊ အဲဒီတော့ လူတွေ ဘယ်ရောက်ကုန်တုန်းလို့လည်း စဉ်းစားစရာပေ့ါနော်။

လောကမှာ အန္တရာယ်ဆိုတာက တစ်ခါတစ်ခါ ကြုံတတ်တယ်လေ၊ မြန်မာပြည်မှာ ဆူနာမီဆိုတဲ့ အန္တရာယ် တစ်ခါကြုံတာ ရှိတယ်၊ နာဂစ်မုန်တိုင်းကြုံတာ ရှိတယ်၊ ဒေသအလိုက် လူတွေမြောက်မြားစွာ သေဆုံးကြတယ်၊ ကမ္ဘာမှာလည်းပဲ ဒီလိုပဲ၊ အန္တရာယ် ကြုံလို့ လျှောင်လျှပ်တာတို့ ဘာတို့နဲ့ သေဆုံးသွားကြတာ တွေ အများကြီးပဲ။

တစ်နေ့တစ်ချိန်ကျတော့ အင်မတန် စည်ကားတဲ့ မြို့ကြီးတွေဟာ ပျောက်သွားတာလည်း ဖြစ်နိုင်တယ်ပေ့၊ နှစ်ပေါင်းရှည်ကြာလာတဲ့ အခါမှာ ပျောက်ကုန်တာ၊

ဒေသတွေဟာ ပြောင်းပြောင်းပြီး စည်တဲ့နေရာစည်၊ ပျောက်တဲ့နေရာဟာ ပျောက်သွားတယ်၊ အခုကြည့်လေ ရာဇဂြိုဟ်တို့ ဘာတို့ဆိုတာ ပျောက်နေပြီပဲ၊ တချို့ဆို သာမန်တောရွာလေးလောက် ဖြစ်နေတယ်၊ တချို့ဆို သာမန်တောရွာတောင် မဟုတ်ဘူး၊ မြန်မာပြည်မှာ လည်း ရှိတာပဲလေ၊ ဗိဿနိုးမြို့တို့ ဘာတို့ဆိုတာ တောကြီးဖြစ်သွားပြီပဲ၊ သရေခေတ္တရာတို့က ပြန်ပြီးတော့ ပြည်မြို့ဖြစ်နေလို့၊ အဲဒီနားပတ်ဝန်းကျင်က အလွန် စည်ကားခဲ့တဲ့ ဗိဿနိုးမြို့တို့ဆိုတာ ပျောက်သွားတယ်၊ မြို့ဟောင်းအဖြစ် ရောက်သွားတယ်၊ အဲဒီလိုပဲ ဗုဒ္ဓဂယာဟာ ဒီကနေ့ခေတ်မှာတော့ အလွန်ကို စည်ကားနေတယ်၊ အဲဒီလို စည်ကားတဲ့ ဗုဒ္ဓဂယာ ဒေသကြီးမှာ ဓာတ်တော်တွေ စုဝေးရောက်ရှိတဲ့အချိန်

ဆိုရင် လူသားတစ်ယောက်တစ်လေမှ မရောက်နိုင်တဲ့ နေရာဖြစ်သွားပြီတဲ့။

ဓာတ်တော်တွေ တန်ခိုးပြတဲ့အချိန်မှာ ဖူးတွေ့ ခွင့်ရမှာကတော့ နတ်တွေဗြဟ္မာတွေပဲတဲ့၊ အဲဒီ ဓာတ်တော်တွေဟာ နောက်ဆုံးအချိန်မှာ ဗုဒ္ဓဂယာ မဟာဗောဓိပင်နားမှာ ဘုရားရဲ့ရုပ်ပုံတော်ဖန်ဆင်းလို့ ရောင်ခြည်တော်ခြောက်ပါးလွှတ်လို့ တန်ခိုးပြာဋိဟာ တွေ ပြပြီးတဲ့အခါ အလိုအလျောက် မီးတောက်မီးလျှံ တွေထွက်ပေါ်လာပြီးတော့ တေဇောဓာတ်လောင်မယ်။ ဓာတ်တော်တွေဟာ အကြွင်းအကျန်မရှိညည်ထိအောင် အကုန်လုံး ပျက်စီးဆုံးရှုံးသွားမှာပဲတဲ့။

ဓာတ်တော်လေးတစ်ဆူ ရှိတောင်မှပဲ ဒီဘုရား ရှိသေးတယ်ဆိုတဲ့အဓိပ္ပါယ် ရသည့်အတွက်ကြောင့်

နောက်ဘုရား မပွင့်နိုင်ဘူးတဲ့၊ ဒီဘုရားရဲ့ခန္ဓာကိုယ်နဲ့ ပတ်သက်တဲ့ လက်ကျန်တွေဟာ တစ်ခုမှမရှိဘူး၊ ဓာတုအန္တရဓာန်၊ ဓာတ်တော်တွေ ကွယ်ပျောက်ခြင်း ဆိုတဲ့ ပဉ္စမမြောက် ကွယ်ပျောက်ခြင်း ဖြစ်တယ်။ ဒီလို ကွယ်ပျောက် သွားပြီဆိုလို့ရှိရင် ဘုရားရဲ့ သာသနာ တော်ဟာ လုံးဝကွယ်ပျောက် သွားပြီလို့ ဒီလိုဆိုပါတယ်၊ တစ်နေ့တစ်ချိန်ကျတော့ အဲဒီလို ကွယ်ပျောက်သွား ခြင်းမျိုးအထိ တဖြည်းဖြည်း ရောက်ရှိလာမှာ ဖြစ်တယ်။

ဒါကြောင့်မို့ ဘုန်းကြီးတို့တတွေဟာ "အဓိဂမ အန္တရဓာန်, ပဋိပတ္တိအန္တရဓာန်, ပရိယတ္တိအန္တရဓာန်, လိင်္ဂအန္တရဓာန်, ဓာတုအန္တရဓာန်"ဆိုတဲ့ ဒီကွယ်ပျောက် မှုတွေ မကြုံခင် မြတ်စွာဘုရားတရားဓမ္မတွေ ထင်ရှား ရှိနေတဲ့အချိန်မှာ ကြိုးစားပြီး နာယူကြရမယ်

သင်ယူကြရမယ် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။ ဒီဘဝမှာ အဆင့်မမီလို့ တရားထူးတရားမြတ်မရတောင် ဝမ်းနည်းစရာ မလိုဘူး၊ ဒီကုသိုလ်ကောင်းမှုတွေရဲ့ အစွမ်းကြောင့် နတ်ပြည်မှာ ဖြစ်ကြမှာဖြစ်တယ်၊ နတ်ပြည်ရောက်တဲ့အခါ ဒီတရားဓမ္မတွေ အလို အလျှောက် ပေါ်လာတတ်တယ်၊ သို့မဟုတ် သတိ ပေးတဲ့ပုဂ္ဂိုလ် ရှိတဲ့အခါမှာ ပေါ်လာတတ်တယ်၊ သို့မဟုတ် နတ်ပြည်မှာ တရားဓမ္မဟောပြောတတ်တဲ့ နတ်သားတွေ၊ ဗြဟ္မာတွေက ဟောပြောတဲ့အခါ လူ့ပြည်တုန်းက နာခဲ့ရတဲ့တရားတွေ ပြန်ပေါ်လာ တတ်တယ်။ နတ်တွေဆိုတာ အင်မတန်မှ ဉာဏ်ထက် သည့်အတွက်ကြောင့် သိလိုက်တာနဲ့တပြိုင်နက် တရားထူးတရားမြတ်တွေ ရရှိပြီးသွားနိုင်တယ်။

အဲဒီလို မြတ်စွာဘုရားဟောထားတဲ့ သုတ္တန်တွေ ရှိလို့ အင်မတန်မှ အားရစရာ ကောင်းတယ်၊ အခုလက်ရှိ ဘဝမှာ ရရှိထားတဲ့ အခွင့်အရေးအားလျော်စွာ မြတ်စွာဘုရားဟောကြားတဲ့ တရားဓမ္မအစစ်ကို တစ်လုံး သိသိ နှစ်လုံးသိသိ နာယူခြင်း မှတ်သားခြင်း လေ့လာပွား များခြင်းဖြင့် တို့တတွေဟာ ဘုရားရဲ့တရားတော်တွေ မကွယ်သေးမီ အတုအယောင်တွေ ပေါ်မလာသေးမီ တရားစစ် တရားမှန်တွေကို တို့ရဲ့သန္တာန်မှာရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်မှ ဖြစ်မယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူနိုင်ကြပါစေ ကုန်သတည်း။ ။

သာဓု သာဓု သာဓု

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၃၃၉၀၃၉၃၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျှက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အများမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်